# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၈၂]


ထကြွလို့လ ရှိရာ၏၊ သတိမမေ့ရာ
သူတော်ကောင်းအကျင့်ကို ကောင်းစွာကျင့်ရာ၏။
တရားကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊
တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာနေရ၏။

# လားရှိုးမြို့နယ်သို့ မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါလွှဲပြောင်းပေးအပ်ပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်နှင့် ဒေါက်တာဝင်းမြင့်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများနှင့် ကျေးရွာပြည်သူ့စစ် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူက လားရှိုးမြို့နယ် နမ့်ဖောဒ၊ အီနိုင်းနှင့် ဟိုပိတ်ကျေးရွာကိုယ်စားလှယ်များထံ နယူးစတားလိုက်ကုမ္ပဏီမှ လှူဒါန်းသည့် မီးသတ်ယာဉ်၊ လူနာတင်ယာဉ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် မြို့တော်ခန်းမ ပရဝဏ်အတွင်း လွှဲပြောင်းပေးအပ်သည့် မီးသတ်ယာဉ်များနှင့်

*စာမျက်နှာ ၃ ကော်လံ ၁*



ကချင်ပြည်နယ် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းပေါ်မှ တန်ဂျာတံတား အမှတ်(၂)ကို တွေ့ရစဉ်။

သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်

# မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းပေါ်မှ မူရှီလာ၊ တန်ဂျာ(၂)၊ တန်ဂျာ(၁)နှင့် လုံးစွပ်တံတားများ တစ်ပြိုင်တည်းဖွင့်မည်

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁)မှ တာဝန်ယူတည်ဆောက်ခဲ့သည့် ကချင်ပြည်နယ် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းမပေါ်ရှိ မူရှီလာတံတား၊ တန်ဂျာ(၂)တံတား၊ တန်ဂျာ(၁)တံတား၊ လုံးစွပ်တံတားများမှာ ယခုအခါ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ဒီဇင်ဘာ ၂၃ ရက်၌ တစ်ပြိုင်တည်း ဖွင့်လှစ်တော့မည်ဖြစ်သည်။

*စာမျက်နှာ ၆ ကော်လံ ၁*

## ယနေ့ ဖတ်စရာ


တူရကီတပ်ဖွဲ့ဝင်များ အီရတ်အခြေစိုက်စခန်းမှ စတင်ရုပ်သိမ်း စာ ၄

နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း စာ ၈


## အချပ်ပို ရှစ်မျက်နှာ ပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ၂၀၁၅ ရွေးကောက်ပွဲ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲ ရရှိမှု အချပ်ပိုရှစ်မျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# နယ်စပ်ခြံစည်းရိုးနှင့် ကုန်သွယ်ရေး

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် အဓိကအားဖြင့် တရုတ်၊ အိန္ဒိယ၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ ယင်းတို့တွင် တရုတ်၊ အိန္ဒိယ၊ ထိုင်း နိုင်ငံတို့နှင့်နယ်စပ်ကုန်သွယ်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ နယ်စပ်ကုန်သွယ်ရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြင့် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုကို အားကောင်းစေပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ အပြန်အလှန် လည်ပတ်ကြခြင်းဖြင့် ခရီးသွားလုပ်ငန်းကိုလည်း များစွာ အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

သို့သော် နယ်စပ်ခြံစည်းရိုးလုံခြုံအားကောင်းပါမှ တရားဝင်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းသည်လည်း လျင်မြန်စွာ ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ တရားဝင်လမ်းကြောင်းမှ ကူးသန်းရောင်းဝယ်ကြသဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များ ပိုမိုရရှိလာမည်ဖြစ်ပါသည်။ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည်လည်း မြင့်တက်လာမည်ဖြစ်ပါသည်။ နယ်စပ်ခြံစည်းရိုးများ ကျိုးပေါက်နေမည်ဆိုပါက နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များ မှန်မှန်ကန်ကန် မရရှိနိုင်သည့်အပြင် နှစ်နိုင်ငံကုန်သွယ်မှုကို ထိခိုက်ပြီး တိုင်းပြည်အတွက် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်နိုင်ပါသည်။

နယ်စပ်ခြံစည်းရိုးဟုဆိုရာတွင် နှစ်နိုင်ငံနယ်နိမိတ်များ အကြား သံဆူးကြိုးနှင့်အုတ်တံတိုင်းများ ကာရံထားခြင်းမရှိသည့်တိုင် တာဝန်ယူ၊ တာဝန်ခံရသော အဖွဲ့အစည်းများရှိပါသည်။ နယ်စပ်လုံခြုံမှုကို အချိန်ပြည့်ကြပ်မတ်ဆောင်ရွက်မှုသည် နယ်စပ်ခြံစည်းရိုးကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်မှုပင် ဖြစ်ပါသည်။ တာဝန်ခံအဖွဲ့အစည်းများ၏ ရိုးသားဖြောင့်မတ်မှုသည် အရေးအကြီးဆုံး အချက်ဖြစ်ပါသည်။

များမကြာမီ ချင်းပြည်နယ်ရှိ မြန်မာ-အိန္ဒိယနယ်စပ် မီဇိုရမ်နယ်စပ်၌ တရားမဝင်ကုန်ပစ္စည်း သယ်ပို့နိုင်မည့် ရှောင်ကွင်းလမ်း ၁၅ခုနီးပါးရှိနေကြောင်း သတင်းများအရ သိရပါသည်။ ကချင်ပြည်နယ် ကျောက်စိမ်းထွက်ရှိရာဒေသဖြစ်သည့် ဖားကန့်ဒေသတွင်လည်း မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သည့် ကန်ပိုက်တီးနယ်စပ်ဒေသမှ တရားမဝင်ယာဉ်နှင့် ယန္တရားများ ဝင်ရောက်နေကြောင်း လူမှုမီဒီယာများက ဖော်ပြလျက်ရှိပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်းလည်း တရားဝင်ထုတ်ပြန်သော သတင်းများအရ သိရပါသည်။

ဤဖြစ်စဉ်များကို ပြန်လည်သုံးသပ်ကြည့်လျှင် မြန်မာနိုင်ငံ၏ နယ်စပ်ခြံစည်းရိုးလုံခြုံမှုကို ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ရန် အရေးကြီးလာပြီဖြစ်ကြောင်းတွေ့ရမည် ဖြစ်ပါသည်။ မိမိတို့နိုင်ငံပိုင် သယံဇာတများ အကျိုးမဲ့ဆုံးရှုံးမှုများမဖြစ်အောင် ကာကွယ်ပေးရန် လိုအပ်လာပြီဖြစ်ပါသည်။ သို့ဖြစ်၍ တာဝန်ယူ၊ တာဝန်ခံအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံ၏ပေါ်များကြွယ်ဝလှသည့် သယံဇာတများကို ပြည်တွင်း၌ အကျိုးရှိရှိစနစ်တကျ အသုံးချနိုင်ရေးအတွက် နယ်စပ်ခြံစည်းရိုးကို အားကောင်းသည်ထက် အားကောင်းအောင် ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်သွားကြရမည် ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# သမိုင်းဝင်ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ တစ်ဆူလုံးပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်မှု ညှိနှိုင်း



တောင်တွင်းကြီး ဒီဇင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ရှေးဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး **(ယာပုံ)**ဆဋ္ဌမအကြိမ်တစ်ဆူလုံးပြည့် ကြေးပြား ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက်က ရင်ပြင်တော်ရှိ တန်ဆောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံသိန်းက တစ်ဆူလုံးပြည့်ကြေးပြား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခဲ့ကြပြီး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုခဲ့ကြသည်။

တစ်ဆူလုံးပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် ငွေကျပ် ၃၂၅၇ သိန်း ကုန်ကျမည်ဖြစ်ပြီး စုစုပေါင်း အလှူခံရရှိငွေကျပ်သိန်း ၂၇၀၀ ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း အလှူတော်ငွေများ လှူဒါန်းလိုပါက ၀၆၃-၅၀၀၁၊ ၀၉-၂၅၆၀၈၂၁၂၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၂၁)




စာပေမြင့်မှ လူမျိုးတင့်မည်

## ထင်သာမြင်သာပြုပြင်စရာ

# တာဝါတိုင်များတည်ဆောက်ပြီးသော်လည်း ဆက်သွယ်ရေးခက်ခဲနေ

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့တွင် ယခင်က MPTဆက်သွယ်ရေး တာဝါတိုင်တစ်မျိုးတည်းသာရှိခဲ့ပြီး 2 G / GSM လိုင်းကို မြို့ပေါ်နှင့် ကျေးရွာအချို့၌ ဆက်သွယ်ရေးလိုင်း ကောင်းမွန်စွာရရှိခဲ့ပါသည်။ **(အောက်ပုံ)** ယခုအခါ ooredoo နှင့် Telenor Mobile ဆက်သွယ်ရေးအော်ပရေတာများ၏ တာဝါတိုင်နှစ်ခုတည်ဆောက်ပြီးနောက်ပိုင်း မြို့ပေါ်ရပ်ကွက်အချို့တွင် ဆက်သွယ်ရေးလိုင်းမိလိုက် မမိလိုက်ဖြစ်နေသည်မှာ ခြောက်လခန့်ရှိခဲ့ပြီ ဟု သိရသည်။

သက်ဆိုင်ရာ ဝန်ဆောင်မှုဌာနများထံ စုံစမ်းမေးမြန်းသော်လည်း တိတိကျကျပြန်လည်ဖြေရှင်းပေးခြင်းမျိုး မရှိသေးပါ။ သို့ဖြစ်၍ ဒေသခံပြည်သူများက ဆက်သွယ်ရေးလိုင်းများ ပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်ပေးရန် မျှော်လင့်နေကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း ၂၀-၁၂-၂၀၁၉

### ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၀၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၀၀၀ |

### စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး)

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၇၀ ကျပ် |

### စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး)

| | မန္တလေး |
|---|---|
| ဒီဇယ် | ၆၇၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၅၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာစျေးနှုန်း(သား/ငါးဒိုင်များ)

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၅.၀ |
| ဥရောပ | တစ်ယူရို | ၁၄၁၄.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၉.၁၄ |
| ထိုင်း | တစ်ဘတ် | ၃၆.၀၉၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၃၄ |
| တရုတ် | တစ်ယွမ် | ၂၀၁.၂၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၁.၆၆ |

ခင်ရတနာ-စုစည်းသည်။

■ ရှေ့ဖုံးမှ

လူနာတင်ယာဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နယူးစတားလိုက် ကုမ္ပဏီမှ လားရှိုးမြို့နယ် နမ့်ဗောဒကျေးရွာသို့ ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီးနှင့် လူနာတင်ယာဉ်တစ်စီး၊ အီနိုင်းကျေးရွာသို့ ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီးနှင့် ဟိုပိတ်ကျေးရွာသို့ လူနာတင်ယာဉ်တစ်စီးတို့ကို လွှဲပြောင်းပေးအပ်လှူဒါန်းခြင်းဖြစ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ခုတင် ၅၀၀ ဆံ့ လားရှိုးအထွေထွေရောဂါကု ဆေးရုံကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)မှ ဆောင်ရွက်နေသည့် ဆေးရုံအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးဒေါက်တာဒီပါတ်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် လားရှိုးဆေးရုံကြီး အဆင့်မြှင့်တင်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသည့် JICA မှ ပညာရှင်များအား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆရာဝန်အသင်း(လားရှိုး) ဥက္ကဋ္ဌ ဒုတိယသမ္မတအား လားရှိုးအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဒီပါတ်က ဆေးရုံကြီးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လားရှိုးမြို့ အထွေထွေရောဂါကုဆေးရုံကြီးကို ယခုထက် ပိုမိုကောင်းမွန်အောင် ပြုပြင်တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များပါဝင်သည့် စနစ်ကျ၍ ပြီးပြည့်စုံသောစီမံချက်ဖြစ်စေရန် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နယူးစတားလိုက်ကုမ္ပဏီမှလှူဒါန်းသည့် မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးဆေးရုံကြီး အဆင့်မြှင့်တင်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသည့် JICA မှ ပညာရှင်များအား သစ်သီးခြင်းလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)



ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ ဆောင်ရွက်နေသည့် လားရှိုးဆေးရုံကြီး ဆေးရုံအဆင့်မြှင့်တင်ရေး လုပ်ငန်းပုံစံငယ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

# သီလဝါအထူးစီးပွားရေးဇုန်အတွင်း မြေငှားရမ်းလိုမှု ပိုများလာ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက်(MTSH)၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးနှင့် ဒုတိယအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏဥ်ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် သဘာပတိ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ်လီမိတက် ဥက္ကဋ္ဌ ဦးဝင်းအောင်က ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့သည့် MTSH သည် နှစ်နှစ်တင်းတင်းပြည့်ရန် ရက်ပိုင်းသာလိုတော့ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုများ များစွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို တွေ့ရကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်အတွင်း မြေငှားရမ်းလိုမှုများ ပိုမိုများပြားလာသည်ကို တွေ့ရှိရကြောင်း၊ ထို့အတူ သီလဝါအထူးစီးပွားရေးဇုန်၏ ဇုန်(အေ)ကို အဆင့်များစွာခွဲခြားပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ပထမအဆင့်တွင် ၂၁၁ ဟက်တာ၊ ဒုတိယအဆင့်တွင် ဟက်တာ ၁၅၀ နှင့် လူနေနှင့်စီးပွားရေးဇုန်တွင် ၃၅၄ ဟက်တာ စုစုပေါင်း ၃၉၆ ဟက်တာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပထမအဆင့်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ဖွံ့ဖြိုးမှုတည်ဆောက်ရေးလုပ်ငန်းများကို အစီအစဉ်အလိုက် စနစ်တကျဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန် ဇုန်(အေ) ပထမအဆင့်ကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဒုတိယအဆင့် တည်ဆောက်မှုလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၈၁ အရ အထူးဆုံးဖြတ်ချက်များဖြင့် အသင်းအဖွဲ့စည်းမျဉ်းအပိုဒ် ၆၃ ၏ ပထမစာကြောင်းတွင် ဒုတိယဥက္ကဋ္ဌတစ်ဦးအစား နှစ်ဦးဟု ပြင်ဆင်ရန်နှင့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်မှတ်ပုံတင်နိုင်ရန် လိုအပ်သည့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် အစုရှယ်ယာရှင်များ၏ ဆန္ဒကိုခံယူပြီး သဘောတူအတည်ပြုကြသည်။

ထို့နောက် ဒုတိယအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ယခုအချိန်ထိ သီလဝါအထူးစီးပွားရေးဇုန်၌ နိုင်ငံပေါင်း ၁၃ နိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံရန် စာချုပ်ချုပ်ဆိုထားပြီးဖြစ်သည်။ ကုမ္ပဏီ ၅၂ ခုနှင့် စတင်လုပ်ဆောင်ရန် ဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီများအနက်မှ ၄၂ ခုကို ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုချက်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ အဆိုပါကုမ္ပဏီများမှ ၃၉ ခုမှာ မြေငှားရမ်းစာချုပ်လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ ၁၅ ခုမှာ ဆောက်လုပ်ရေးလုပ်ငန်းများ စတင်နေကြောင်းနှင့် ကုမ္ပဏီနှစ်ခုမှာ လုပ်ငန်းများ စတင်လည်ပတ်နေပြီဖြစ်ကြောင်း သိရသည်။ **ရီရီမြင့်၊ ဥမ္မာသန့်**

# ကျိုက်မရောမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး လမ်း၊ တံတားများ တိုးချဲ့ဆောင်ရွက်

**ကျိုက်မရော ဒီဇင်ဘာ ၂၀**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော် ခွင့်ပြုငွေဖြင့်ဆောင်ရွက်သော ကျိုက်မရော-ကျွန်းရွာလမ်းအတွင်း မြေသားပေါင်ဖို့ပြုပြင်ခြင်း၊ တံတားများ အသစ်ပြုပြင်တည်ဆောက်ခြင်း၊ လမ်း၏ ဝဲ/ယာဘက်တို့တွင် ကတ္တရာခင်းခြင်းလုပ်ငန်းများကိုလမ်းဦးစီးဌာနမှတာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့ကျေးရွာတွေက ရာသီသီးနှံကို အဓိကထားပြီး စိုက်ကြတယ်။ အခုလိုလမ်းပန်းဆက်သွယ်ရေးတွေကောင်းလာတော့ ကိုယ်တိုင်မြို့တက်ရောင်းရတာအဆင်ပြေပါတယ်။ ကျွန်တော်တို့ ကျိုက်မရော-ကျွန်းရွာ လမ်းအတွင်းရှိ ကျေးရွာတွေမှာလျှပ်စစ်မီးမရသေးပါဘူး။ အခုလိုလမ်းတွေကောင်းမွန်လာတော့ နောင်တစ်ချိန်လျှပ်စစ်မီးရရှိတဲ့ အခါကျရင် ကျွန်တော်တို့တောင်သူတွေ လူမှုစီးပွားဘဝအခုထက်ပိုမိုတိုးတက်လာမှာပါ"ဟု တောင်သူတစ်ဦးက ပြောသည်။ အဆိုပါ ကတ္တရာလမ်းကို ကလိုင်းကနိုင်၊ နိတုံ၊ ခြံကုန်း၊ မြကုန်း၊ ဥတိုချောင်း၊ ပန်းကုန်း၊ မြွေဟောက်၊ ရှမ်းရွာကြီး၊ ရှမ်းရွာလေး၊ ဦးလေး၊ ကျွန်းရွာစသည့်ကျေးရွာများမှ ပြည်သူများသွားလာလျက်ရှိကြောင်း သိရသည်။ အလားတူ မော်လမြိုင်-ကျိုက်မရောလမ်း မိုင် (၁၄/၄-၁၄/၅)ကြား (၁၅ ×၂၄)ပေ သံကူကွန်ကရစ်တံတားအသစ်တစ်စင်းကို နိုင်ငံတော်ခွင့်ပြုငွေကျပ်သန်း ၃၀ ဖြင့် လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နိုင်ထွန်း(ပြန်/ဆက်)**

# ဟားမတ်စစ်သွေးကြွခေါင်းဆောင်အား တူရကီသမ္မတတွေ့ဆုံ၊ ဒေသအခြေအနေဆွေးနွေး

**အစ္စတန်ဘူလ် ဒီဇင်ဘာ ၂၀**

တူရကီသမ္မတ တေရစ်အာဒိုဂန်အနေဖြင့် အစ္စတန်ဘူလ်မြို့၌ စနေနေ့က ပါလက်စတိုင်းစစ်သွေးကြွအုပ်စု ဟားမတ်အဖွဲ့ခေါင်းဆောင် ခါလက်မီရှာအဲအား တွေ့ဆုံခဲ့ပြီး ငါးနှစ်ကြာနိုင်ငံရေးဆိုင်ရာ အဆင်မပြေမှုများကို အနီးကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဆွေးနွေးခဲ့ကြောင်း အစ္စရေးနှင့် တူရကီသမ္မတရုံးသတင်းရပ်ကွက်များက ပြောသည်။

ဟားမတ်ခေါင်းဆောင် မီရှာအဲအနေဖြင့် ဒေသတွင်း နောက်ဆုံးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း၊ အဆိုပါဆွေးနွေးမှုအသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း၊ ဟားမတ်တို့အနေဖြင့် ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားကြောင်း အာဒိုဂန်ရုံး သတင်းရပ်ကွက်မှ ပြောသည်။

တူရကီနှင့် ဟားမတ်တို့အနေဖြင့် ဆွစ်ဇာလန်၌ အဆင့်မြင့်အဆင့် ဆွေးနွေးပွဲပြုလုပ်ခဲ့ပြီးနောက် ပုံမှန်ဆက်ဆံရေးထူထောင်သွားရန် သဘောတူညီချက်တစ်ရပ် ရရှိခဲ့ကြောင်း အစ္စရေးတာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောဆိုလိုက်သည်။

နောက်ဆုံး သဘောတူညီချက်သည် ခိုင်ခိုင်မာမာ မဖြစ်သေးသော်လည်း မကြာမီ တိုးတက်မှုရရှိနိုင်ကြောင်း၊ တူရကီတာဝန်ရှိသူများက ပြောကြားသည်။ ၂၀၁၀ ပြည့်နှစ်က တူရကီသင်္ဘောတစ်စင်း ဂါဇာကမ်းမြောင်ပိုင်နက်ကို ဝင်ရောက်ရာတွင် အစ္စရေးတို့က ဟန့်တားခဲ့မှုအပေါ် တူရကီတက်ကြွလှုပ်ရှားသူ ၁၀ ဦးအား အစ္စရေးကွန်မန်ဒိုများက ပစ်သတ်ခဲ့ပြီးနောက် အစ္စရေးနှင့်တူရကီဆက်ဆံရေးမှာ အေးခဲသွားခဲ့သည်။

**(ရိုက်တာ)**



တူရကီသမ္မတ အာဒိုဂန်(ယာ)နှင့် ဟားမတ်ခေါင်းဆောင် ခါလက်မီရှာအဲတို့ ဒီဇင်ဘာ ၁၉ ရက်က အစ္စတန်ဘူလ်မြို့၌ တွေ့ဆုံစဉ်။

# ယီမင်အပစ်အခတ်ရပ်စဲရေး ကော်မတီတစ်ရပ်ဖွဲ့စည်း

**ဒိုဟာ ဒီဇင်ဘာ ၂၀**

အပြန်အလှန်ယုံကြည်မှု လျော့ပါးလာချိန် တိုးတက်မှုမရှိသောနေ့ကို အဆုံးသတ်နိုင်ရန် ကုလသမဂ္ဂကြားဝင်စေ့စပ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ ယီမင်စေ့စပ်ညှိနှိုင်းရေးမှူးများက စနေနေ့တွင် အပစ်အခတ်ရပ်စဲရေး ကော်မတီတစ်ရပ် ဖွဲ့စည်းရန် သဘောတူလိုက်ကြောင်း အဆိုပါဆွေးနွေးပွဲနှင့် နီးစပ်သော အသိုင်းအဝိုင်းက ရိုက်တာသို့ပြောသည်။

ယီမင်နိုင်ငံ၌ အသစ်ထပ်မံတိုက်ခိုက်မှုများသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ခြိမ်းခြောက်နေပြီး ခြောက်ရက်မြောက်နေ့အဖြစ် တနင်္ဂနွေနေ့တွင် အပစ်အခတ်ရပ်စဲမှု အဆုံးသတ်သွားခဲ့သည်။ ရှစ်လကြာဖြစ်ပွားခဲ့သောပဋိပက္ခအတွင်း ထောင်ပေါင်းများစွာသော ပြည်သူများ သေဆုံးခဲ့ရပြီး ပြည်သူအများ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းများနှင့် ကြုံတွေ့ခံစားခဲ့ရသည်။

အဆိုပါ အပစ်အခတ်ရပ်စဲရေး ကော်မတီတွင် လက်ဘနွန်ကြည်းတပ်ဗိုလ်ချုပ်ကြီးတစ်ဦးက အကြီးအကဲအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး ဆော်ဒီထောက်ခံ ယီမင်အစိုးရ သမ္မတ မန်ဆာဟာဒီနှင့် အီရန်မိတ်ဆွေ ဟူသီလှုပ်ရှားမှုအဖွဲ့တို့မှ ကိုယ်စားလှယ်များ ပါဝင်သည်ဟု ဆိုသည်။ အဆိုပါကော်မတီဖွဲ့စည်းလိုက်သော်လည်း စနေနေ့အထိ စားပွဲဝိုင်းဆွေးနွေးပွဲသည် ရလဒ်ကောင်းများထွက်ပေါ်လာခြင်း မရှိသေး ဟုဆို သည်။ **(ရိုက်တာ)**



ယီမင်သမ္မတ သစ္စာခံတပ်မှ တင့်ကားတစ်စီးကို ဒီဇင်ဘာ ၁၈ ရက်က မာဂျက်ခရိုင်၌ တွေ့ရစဉ်။

# တူရကီတပ်ဖွဲ့ဝင်များ အီရတ်အခြေစိုက်စခန်းမှ စတင်ရုပ်သိမ်း

**အစ္စတန်ဘူလ် ဒီဇင်ဘာ ၂၀**

တူရကီအနေဖြင့် အီရတ်မြောက်ပိုင်းဘာရှီကွာ စစ်အခြေစိုက်စခန်းသို့ ၎င်း၏ တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ထားမှုအပေါ် အီရတ်နှင့်ညှိနှိုင်းရန်လက်ခံလိုက်ပြီဖြစ်ကြောင်း တူရကီ နိုင်ငံခြားရေးဝန်ကြီးဌာနက စနေ့နေ့တွင် ပြောသည်။

တူရကီအနေဖြင့် အဆိုပါ စစ်အခြေစိုက်စခန်းကို အခြေစိုက်ထားသော နီဗင့်ပြည်နယ်မှ တပ်ဖွဲ့ဝင်အချို့ကို ဆက်လက်ရွှေ့ပြောင်းသွားမည်ဖြစ်ကြောင်း၊ သို့သော် တပ်ဖွဲ့ဝင်မည်မျှရွှေ့ပြောင်းမည်၊ မည်သည့်နေရာသို့ ရွှေ့ပြောင်းမည်ကိုမူ မပြောနိုင်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။

တူရကီအနေဖြင့် အိုင်အက်စ်တို့အားချေမှုန်းရန် အီရတ်ပြည်သူ့စစ်များကို လေ့ကျင့်သင်ကြားပေးနေသော ၎င်းတပ်ဖွဲ့ဝင်များအား ကာကွယ်ရန် ယခုလတွင် ဘာရှီကွာအရပ်သို့ ရာနှင့်ချီသောတပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားခဲ့သည်။

ဘဂ္ဂဒက်အစိုးရက အဆိုပါ ဖြန့်ကြက်မှုကိုဝေဖန်ခဲ့ပြီး တူရကီအား ၎င်း၏တပ်များ ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့သည်။ အမေရိကန်သမ္မတဘားရက်အိုဘားမားက တူရကီသမ္မတတေရစ်အာဒိုဂန်ထံ အီရတ်နှင့် တင်းမာမှုများလျှော့ချပြီး တူရကီတပ်များ ဆက်လက်ရုပ်သိမ်းပေးရန် ဖုန်းဆက်တိုက်တွန်းလိုက်ပြီးနောက် အဆိုပါ တူရကီကြေညာချက် ထွက်ပေါ်လာခဲ့သည်။

**(ရိုက်တာ)**



တူရကီသံချပ်ကာယာဉ်တစ်စီး အစ္စတန်ဘူလ်မြို့၌ စစ်ရေးပြနေမှုကို တွေ့ရစဉ်။

# အစ္စရေးလေကြောင်းတိုက်ခိုက်မှုအတွင်း လက်ဘနွန်စစ်သွေးကြွခေါင်းဆောင် သေဆုံး

**ဘေရွတ် ဒီဇင်ဘာ ၂၀**

လက်ဘနွန်စစ်သွေးကြွခေါင်းဆောင် ဆာမီယာကွမ်တာသည် ဒီဇင်ဘာ ၂၀ ရက် အစောပိုင်းက ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ဂျာရာမာနာခရိုင်၌ အစ္စရေးတို့ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ကြောင်း လက်ဘနွန်ဟစ်ဇ်ဘိုလာအုပ်စုနှင့် ဆီးရီးယားအစိုးရသစ္စာခံများက ပြောသည်။

ကွမ်တာသည် ဆီးရီးယားမြို့တော်တွင် အစ္စရေးလေကြောင်းတိုက်ခိုက်မှုအတွင်း အသက်ပေးလှူသွားသော အာဇာနည်သူရဲကောင်းတစ်ဦး ဖြစ်ကြောင်း၊ အင်အားကြီး လက်ဘနွန်ဟစ်ဇ်ဘိုလာအုပ်စုက ပြောသည်။ **(ဆင်ဟွာ)**



# ပြင်သစ်ခရီးသည်လေယာဉ်ပုံးလန့်မှုဖြစ် ကင်ညာတွင် အရေးပေါ်ဆင်းသက်

**နိုင်ရိုဘီ ဒီဇင်ဘာ ၂၀**

မောရစ်သျှမှ ပျံသန်းလာသော ပြင်သစ်လေကြောင်းလိုင်းမှ ခရီးသည်လေယာဉ်တစ်စင်းသည် ရေအိမ်တစ်ခုအတွင်း သံသယရှိဖောက်ခွဲရေးပစ္စည်းတစ်ခုတွေ့ရှိပြီး ကင်ညာနိုင်ငံ မွမ်ဘာဆာဆိပ်ကမ်းမြို့လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ကင်ညာရဲတပ်ဖွဲ့အကြီးအကဲက ဒီဇင်ဘာ ၂၀ ရက်က ပြောသည်။

ခရီးသည် ၄၅၉ ဦး၊ လေယာဉ်အမှုထမ်း ၁၄ ဦးတို့နှင့်အတူ ပါရီမြို့သို့ ဦးတည်ပျံသန်းနေသော အဆိုပါခရီးသည်တင်လေယာဉ်သည် မွိုင်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒီဇင်ဘာ ၂၀ ရက် နံနက် ၀၀ နာရီ ၃၇ မိနစ်က ဘေးကင်းလုံခြုံစွာ ဆင်းသက်ခဲ့ကြောင်း ရဲအင်စပက်တာချုပ် ဂျိုးဆက်ဘွိုင်းနက်က ၎င်း၏တွစ်တာအကောင့်တွင် ဖော်ပြသည်။

ခရီးသည်အားလုံး အရေးပေါ်လှေကားများဖြင့် ဘေးကင်းလုံခြုံစွာ ကယ်ထုတ်နိုင်ခဲ့ကြောင်း ပြင်သစ်လေကြောင်းလိုင်း ကြေညာချက်တွင် ဖော်ပြသည်။ **(ဆင်ဟွာ)**

# နတ်တလင်းမြို့နယ်ရှိ ငွေပြည်တောင်စေတီတော်မြတ် ရွှေထီးတော်အထွတ်တင်လှူပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်



**နတ်တလင်း ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ချောင်းသုံးခွကျေးရွာအုပ်စု နတ်တလင်း-တာပွန်-မိုးညိုသွားသော ကားလမ်းဘေးတွင် ယခင်စေတီဟောင်းနေရာ၌ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဇနီးဒေါ်စပ်နွမ်းခွန်ဆမ်မိသားစု၊ နေကြယ်ဦးကုမ္ပဏီများအုပ်စု၏ ဒုတိယဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့်ဇနီး ဒေါ်ခင်ခင်ချိုမိသားစုတို့က တည်ထားကိုးကွယ်သော ငွေပြည်တောင်စေတီတော်မြတ်ကြီး ရွှေထီးတော်အထွတ်တင်လှူပူဇော်ပွဲ၌ ကန်တော်ဦးကျောင်းဆရာတော် (နိုင်ငံတော်သြဝါဒစရိယအဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တဝါယမဆရာတော်အပါအဝင် မြို့နယ်သံဃနာယကဆရာတော်ကြီးများထံမှ သြဝါဒခံယူကြသည်။

ဆက်လက်၍ စေတီတော်မြတ်ကြီး၏ ရွှေထီးတော်အထွတ်တင်လှူပူဇော်ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ၂၈ ရက်မှ ၃၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၈ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က ရွှေထီးတော်ပင့်ဆောင်ရေးမှစ၍ ထီးတော်အထွတ်တင်လှူပွဲ ပြီးမြောက်သည်အထိ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ ထီးတော်တင်လှူပွဲတွင်ကြည့်ချင်ဖွယ်ရာများ၊ မြန်မာ့ရိုးရာနွားအလှပြိုင်ပွဲ၊ မြင်းအလှပြိုင်ပွဲများနှင့် အခြားအားကစားနည်းများကိုလည်း ထည့်သွင်းကျင်းပပေးမည်ဖြစ်ရာ ဆပ်ကော်မတီများမှ မိမိတို့တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်သွားကြရေးမှာကြားသည်။ ငွေပြည်တောင်စေတီတော်မြတ်ကြီးသည် ဉာဏ်တော်မှာ ရွှေထီးတော်အပါ အမြင့်ပေ ၈၀၊ အောက်ပစ္စယာပတ်လည် ၆၆ ပေရှိပြီး ၁၃၇၃ ခုနှစ် နတ်တော်လဆန်း ၃ ရက်နေ့တွင် ပန္နက်တင်အခမ်းအနားကျင်းပပြီး ပြာသိုလပြည့်နေ့တွင် အုတ်မြစ်တော်စီကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးလျက်ရှိသည့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ




နေပြည်တော် ဒီဇင်ဘာ ၂၀

**နိုင်ငံတော်၏ သားငါးကဏ္ဍထုတ်လုပ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးလျက်ရှိသည့် မွေးမြူရေး ဆိုင်ရာ ဆေးတက္ကသိုလ်၏ အကြိမ်(၃၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ ရွှေရတုခန်းမ၌ ကျင်းပသည်။**

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာ မာမာဝင်းက တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့ ၂၃၂ ဦး၊ မွေးမြူထုတ်လုပ်ရေးလုပ်ငန်း ဒီပလိုမာဘွဲ့ ခုနစ်ဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ ၂၆ ဦးနှင့် ပါရဂူဘွဲ့ရရှိသူ ခုနစ်ဦး စုစုပေါင်း ၂၇၂ ဦးအား ဘွဲ့များ အသီးသီးချီးမြှင့်အပ်နှင်းသည်။ **(ဓာတ်ပုံ)**

ထို့ပြင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ရွှေတံဆိပ်ဆုနှင့် ပညာရည်ထူးချွန်ဆုရရှိသည့် ကျောင်းသားကျောင်းသူများကို ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဒေါက်တာ အောင်မြတ်ဦးက ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘွဲ့ရမောင်မယ်များ၏ မိဘဆွေမျိုးများတက်ရောက်ကြသည်။

ဘွဲ့နှင်းသဘင်အခမ်းအနားအပြီးတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပထမနှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ၌ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ပြီး ဒုတိယဝန်ကြီးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတိရစ္ဆာန် ဆေးပညာကောင်စီကကြီးမှူး၍ (၁၇)ကြိမ်မြောက် တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်လက်မှတ်အပ်နှင်းခြင်း အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဓာတ်ပုံ-မွေး/ဆေး**

နိုင်ငံတကာသတင်း

# မြေပြိုမှုကြောင့် အဆောက်အအုံ ၂၂ လုံးပြိုကျခဲ့ရာ လူ ၄၁ ဦး ပျောက်ဆုံး

**ဘာသာပြန်-စန္ဒီ**

**ရှန်ကျင်း ဒီဇင်ဘာ ၂၀**

တရုတ်နိုင်ငံတောင်ပိုင်း ရှန်ကျင်းပြည်နယ်ရှိ စက်မှုဇုန်၌ တည်ဆောက်ထားသော အဆောက်အအုံ ၂၂ လုံးသည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀က မြေပြိုမှုကြောင့် ပြိုကျခဲ့ရာ သုံးဦးဒဏ်ရာရရှိပြီး ၄၁ ဦး ပျောက်ဆုံးလျက်ရှိသည်။ အဆိုပါ မြေပြိုမှုဖြစ်ပွားပြီးနောက် အနီးတွင်ရှိသော အနောက်မှ အရှေ့သို့သွယ်တန်းထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ စတုရန်းမီတာ တစ်သိန်းကျော်မှာ အပျက်အစီးများနှင့် ပြည့်နှက်သွားခဲ့သည်။



ကုမ္ပဏီအဆောက်အအုံဆီသို့ အနီရောင်ရွှံ့များ တစ်ရှိန်ထိုး စီးဆင်းလာခဲ့ကြောင်း၊ သို့သော် ယင်းအလုပ်လုပ်ကိုင်သည့် ကုမ္ပဏီကို ထိခိုက်ခြင်းမရှိကြောင်း၊ ကုမ္ပဏီရှိ လူများအားလုံး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ခဲ့ကြောင်း၊ အဆိုပါ စက်မှုဇုန်ရှိ နည်းပညာကုမ္ပဏီတစ်ခုတွင် လုပ်ကိုင်နေသောအလုပ်သမား တစ်ဦးက ပြောသည်။ ပထမဦးစွာ အဆောက်အအုံသို့ ရွှံ့များမဝင်ရောက်မီ ငါးကန်အတွင်းသို့ စီးဝင်သွားကြောင်း၊ ယင်းငါးကန်မရှိလျှင် ပျက်စီးမှုမှာ ပိုများနိုင်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က ကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းဆောင်ရွက်ရန်စေခိုင်းခဲ့ပြီး အဆိုပါဒေသရှိ အာဏာပိုင်များက ဒဏ်ရာရရှိသူများကို အမြန်ဆုံးကုသမှုပေးခဲ့၍ ဒဏ်ရာရသူများနှင့် သေဆုံးသူများ၏ မိသားစုဝင်များကို အားပေးနှစ်သိမ့်မှုများ ပြုလုပ်ခဲ့သည်။ မီးသတ်သမားများ၊ ရဲများနှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်သော လူပေါင်း ၁၅၀၀ ကျော်သည် ကယ်ဆယ်ရေး



မြေပြိုမှုကြောင့် အဆောက်အအုံများပြိုကျခဲ့သဖြင့် ကယ်ဆယ်ရေးလုပ်သားများက အပျက်အစီးများကြားမှ ပျောက်ဆုံးသူများအား ရှာဖွေနေစဉ်။

လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဒေသခံ ၉၀၀ ကျော်ကို ဒေသ စံတော်ချိန် ညနေ ၅ နာရီက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ပညာတန်ဆောင် ၆၃ နှစ်ပြည့် အထိမ်းအမှတ်နှင့် စာပေပြိုင်ပွဲ ဆုနှင်းသဘင်အခမ်းအနားကျင်းပ

**ပညာတန်ဆောင်(၆၃)နှစ်ပြည့် အထိမ်းအမှတ်နှင့် စာပေပြိုင်ပွဲ ဆုနှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင် ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာကြီးဒေါက်တာသန်းဦးက ပညာတန်ဆောင်မဂ္ဂဇင်းသည် ၆၃ နှစ်ပြည့်ပြီး ၆၄ နှစ်ထဲ ဝင်ရောက်လာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ သက်တမ်းရှည် မဂ္ဂဇင်းတစ်စောင်ကြီးဖြစ်ကြောင်း၊ အခက်အခဲအမျိုးမျိုးကို ကျော်လွှားခဲ့ပြီး နောင်တွင်လည်း ပညာရေးဌာနနှင့် ပညာရေးဝန်ထမ်းများ၏အကျိုးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်ခင်စန်းရီက ပညာတန်ဆောင်မှ သုတ၊ ရသ၊ ပညာလက်ဆင့်ကမ်းရုံသာမက နှစ်စဉ်စာပေပြိုင်ပွဲများကျင်းပပြီး ဆုများပေးအပ်ချီးမြှင့်နေသည်ကို ပညာရေးဝန်ကြီးဌာနအနေဖြင့် မှတ်တမ်းတင်အပ်ပါကြောင်း၊ ပညာရေးစာပေဖြင့် ရင်းနှီးကျွမ်းဝင်နေကြသည့် ယခုကဲ့သို့ စာပေပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအနေဖြင့်လည်း စာပေပုံစံအမျိုးမျိုးကို ပညာရေးမြင့်မားရေးလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရေးဖွဲ့ပြီး ပြည်သူများအကြား ဖြန့်ဝေသွားခြင်းဖြင့် ပညာပေးဆောင်ရွက်နေသည့်လုပ်ငန်းများ အရှိန်အဟုန်ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့သမိုင်းအဖွဲ့မှ အဖွဲ့ဝင် ဒေါက်တာတိုးလှက ပညာတန်ဆောင်မဂ္ဂဇင်း သမိုင်းကြောင်းနှင့် မြန်မာစာနှင့် ဘာသာစကားအဖွဲ့ အဖွဲ့ဝင်ဒေါက်တာခင်အေးက ပညာတန်ဆောင်၏ ပညာဖြန့်ဖြူးမှုအစဉ်အလာအကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခြင်းခံရသည့် ဆရာကြီးဒေါက်တာသန်းဦး၊ ဒေါက်တာတင်ညိုနှင့် ထူးချွန်ဆရာများ ဆုချီးမြှင့်နိုင်ရေးအတွက် လှူဒါန်းသည့် ပညာရေးစေတနာရှင် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား အမှတ်တရ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ဆရာကြီး၊ ဆရာမကြီးများ၊ ၂၀၁၄ ခုနှစ် အမျိုးသားစာပေနှင့် စာပေဗိမာန်စာမူဆုရ ပညာတန်ဆောင်ကလောင်ရှင်များ၊ ၂၀၁၇ ခုနှစ် ပညာတန်ဆောင်စာပေပြိုင်ပွဲ ဆုရရှိသူများအား ပညာတန်ဆောင်နှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

လက်ထောက်ပညာမင်းကြီး ဦးထွန်းအောင် စတင်တည်ထောင်ခဲ့သည့် ပညာတန်ဆောင်မဂ္ဂဇင်းသည် ၁၉၅၂ ခု ဇန်နဝါရီ ၁ ရက်တွင် စတင်ထုတ်ဝေခဲ့ပြီး ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့၏ ပထမဆုံးဥက္ကဋ္ဌတာဝန်ကို ပြန်ကြားရေးဝန်ကြီးဌာန အတွင်းဝန်(နောင်တွင်) ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ်**
**ဓာတ်ပုံ-ရဲထွဋ်**

# ဒုတိယအကြိမ် ပြေးခုန်ပစ်လက်ရွေးစင်ဟောင်းများ ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာ့ပြေးခုန်ပစ် အားကစားသမားဟောင်းများ လူမှုရေးအသင်းမှ ကျင်းပသော ဒုတိယအကြိမ် ပြေးခုန်ပစ်လက်ရွေးစင်ဟောင်းများ ပူဇော်ကန်တော့ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက် တက်ရောက်ပူဇော်ကန်တော့ခဲ့သည်။

ရှေးဦးစွာ မြန်မာပြေးခုန်ပစ် အားကစားသမားဟောင်းများ လူမှုရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ခင်က မြန်မာကို ကမ္ဘာကသိအောင် အားကစားဖြင့် စွမ်းဆောင်ပေးခဲ့ပြီး အားကစားအကျော်အမော်များကိုပါ မွေးထုတ်ပေးကာ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ကန်တော့ခံဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော ဗိုလ်မှူးကြီး(ငြိမ်း) ခင်မောင်သောင်း (မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း)၊ ဗိုလ်မှူးကြီး(ငြိမ်း)အောင်ဒင် (အား/ကာ ညွှန်ချုပ်(ငြိမ်း)၊ ဒုတိယဝန်ကြီး ဦးဖေသန်း(ငြိမ်း)၊ ဗိုလ်ကြီးထွန်းမောင် နည်းစနစ်မှူး ယှဉ်/လေ့(ငြိမ်း)၊ ဗိုလ်ကြီးရဲဆွေ(ငြိမ်း)၊ ဦးအေးကိုကို (မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း) များနှင့် အသက် ၇၅ နှစ်အထက် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။



ဆက်လက်ပြီး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ကန်တော့ခံ ပြေးခုန်ပစ်လက်ရွေးစင်ဟောင်းများအား ချီးကျူးဂုဏ်ပြုစကားပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက ကန်တော့ခံ ပုဂ္ဂိုလ်ကြီးများအား ပူဇော်ကန်တော့ကြပြီး ဂုဏ်ထူးဆောင်နာယကကြီးများ ဖြစ်ကြသော ဗိုလ်မှူးကြီး(ငြိမ်း) အောင်ဒင် (အား/ကာ ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)နှင့် ဗိုလ်ကြီးထွန်းမောင် နည်းစနစ် ယှဉ်/လေ့ အား/ကာ (ငြိမ်း) တို့က သြဝါဒဆုပေးစကားပြောကြားသည်။

ဆက်လက်၍ အသင်းကြီးအတွက် အလှူရှင်များက ငွေကျပ် ၆၃ သိန်းပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အားကစားသမားဟောင်းများ အသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နေရာကွက်ကျား မိုးရွာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာမည်။

တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ (မိုး/ဇလ)

◆ ***ရှေ့ဖုံးမှ***

မူရှိလာတံတားသည် ကချင်ပြည်နယ် ပူတာအိုခရိုင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်း မိုင်တိုင်အမှတ် (၂၁၀) တွင်တည်ရှိပြီး တံတားအရှည်မှာ ပေ ၅၇၀၊ ခန်းဖွင့်အကျယ် ပေ ၆၀ ငါးခန်း၊ ပေ ၇၀ တစ်ခန်း၊ ပေ ၁၀၀ နှစ်ခန်း၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ (နှစ်လမ်းသွား)၊ ခွင့်ပြုအလေးချိန် ယာဉ်တစ်စီးချင်း တန် ၆၀ နှင့် တံတားတစ်စင်းလုံး စီမံကိန်းတန်ဖိုးမှာ ငွေကျပ်သန်း ၂၇၅၆ ဒသမ ၈ သန်း ဖြစ်သည်။

တန်ဂျာ(၂) တံတားသည် ပူတာအိုခရိုင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းပေါ် မိုင်တိုင်အမှတ်(၁၉၂) တွင်တည်ရှိပြီး တံတားအရှည်မှာ ပေ ၃၃၀၊ ခန်းဖွင့်အကျယ်ပေ ၆၀ နှစ်ခန်းနှင့် ပေ ၇၀ သုံးခန်း၊ ယာဉ်သွားလမ်းအကျယ်မှာ ၁၃ ပေနှင့် ခြောက်လက်မ (တစ်လမ်းသွား)၊ ခွင့်ပြုအလေးချိန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်ပြီး တံတားတစ်စင်းလုံး၏ စီမံကိန်းတန်ဖိုးမှာ ငွေကျပ်သန်း ၁၁၃၀ ဖြစ်သည်။

တန်ဂျာ(၁) တံတားသည် ကချင်ပြည်နယ် မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းမိုင်တိုင်အမှတ်(၁၉၂/၁-၂) တွင်တည်ရှိပြီး တံတားအရှည်မှာ ပေ ၂၄၀၊ ခန်းဖွင့်အကျယ် ပေ၅၀ နှစ်ခန်း၊ ပေ ၇၀ နှစ်ခန်း၊ ယာဉ်သွားလမ်းအကျယ် ၁၃ ပေ ခြောက်လက်မ (တစ်လမ်းသွား) ခွင့်ပြုယာဉ်အလေးချိန် ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်ပြီး စီမံကိန်းတန်ဖိုးမှာ ငွေကျပ်သန်း ၈၅၀ ဖြစ်သည်။

လုံးစွပ်တံတားသည် ကချင်ပြည်နယ် ပူတာအိုခရိုင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းမိုင်တိုင်အမှတ်(၂၁၇) တွင် တည်ရှိပြီး တံတားအရှည်မှာ ၁၉၅ ပေ၊ ခန်းဖွင့်အကျယ် ၆၅ ပေ သုံးခန်း၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ (နှစ်လမ်းသွား)၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေခြောက်လက်မ၊ ခွင့်ပြုယာဉ်အလေးချိန် ယာဉ်တစ်စီးချင်း တန် ၆၀ဖြစ်ပြီး စီမံကိန်းတန်ဖိုးမှာ ငွေကျပ်သန်း ၉၇၀ ဖြစ်သည်။

တန်ဂျာ(၂) တံတား၊ တန်ဂျာ(၁)တံတားနဲ့ လုံးစွပ်တံတားတို့ကို ၁-၁၁-၂၀၁၂ မှာ လုပ်ငန်းတွေစတင်ဆောင်ရွက်နိုင်ခဲ့ပြီး ၄-၇-၂၀၁၇ ရက်နေ့မှာ လုပ်ငန်းတွေပြီးစီးအောင်တည်ဆောက်နိုင်ခဲ့ကာ အခု ဒီဇင်ဘာလအတွင်းမှာပဲ တံတားလေးစင်းစလုံး တစ်ပြိုင်တည်းဖွင့်ဖို့စီစဉ်နေပါတယ်” ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်မျိုးထွဋ်က ပြောသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ရွှေဘို-မြစ်ကြီးနားလမ်းမှ မော်ဟဲတံတား၊ သာယာကုန်းတံတား၊ အင်းကုန်း နမ္မလိတံတားတို့တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ လ ၃၁ ရက်နေ့တွင် မြစ်ကြီးနား-ပန်ဆောင်လမ်းမှ ရေအေးချောင်းတံတား၊ ဆားမျှော်တံတား၊ သိုက်ဝါးကုန်းတံတား ၊ ညောင်လေးပင်တံတားတို့ကို တည်ဆောက်သွားမည်ဟု သိရသည်။

# ရဲပရဟိတအဖွဲ့သို့ အလှူငွေပေးအပ်

**လက်ပံတန်း ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်း၌ ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ရဲပရဟိတအဖွဲ့သို့ အလှူငွေပေးအပ်ပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဖုန်းမြင့်၊ ရဲပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်သူဟိန်းနှင့် အဖွဲ့ဝင်များ၊ မြို့မရဲစခန်းခေတ္တစခန်းမှူး ရဲအုပ် ဝင်းဇော်၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ရန်လင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များတက်ရောက်ကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားကာ ရဲပရဟိတအဖွဲ့ဥက္ကဋ္ဌက အဖွဲ့၏လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီး ဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက အဖွဲ့ဥက္ကဋ္ဌထံသို့ အလှူငွေများပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**အောင်ဆင့်**

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် နိုင်ငံတကာအဆင့်စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

**သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်က ကြီးမှူးကျင်းပသည့် The Fourth International Conference on "Outlook on Self-Identity Beyond the Concept" (Dhammanupassana) မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော သတိပဋ္ဌာန်တရားလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်တော်မူသည့် (ဓမ္မာနုပဿနာ) စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ် ဟောပြောခန်းမ၌ ကျင်းပသည်။** (ယာပုံ)




အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သြဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသက ကြိုဆိုနှုတ်ခွန်းဆက်စကား မိန့်ကြားတော်မူသည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက စာတမ်းဖတ်ပွဲနှင့် စပ်လျဉ်း၍ အကျယ်တဝင့် မိန့်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ယခုကျင်းပသည့် စာတမ်းဖတ်ပွဲသည် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် ဗုဒ္ဓ၏ ပဋိပတ္တိကျင့်စဉ်ကို မျှဝေခြင်းဖြစ်၍ လူသားတစ်ရပ်လုံး၏ ငြိမ်းချမ်းမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းမှုကို ကြီးမားသော အထောက်အပံ့ဖြစ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ မျက်မှောက်ခေတ်ကာလတွင် ရုပ်ဝတ္ထုပစ္စည်းများ မည်မျှတိုးတက်ထွန်းကားစေကာမူ လူသားတို့၏ စိုးရိမ်သောကဗျာပါဒနှင့် စိတ်ဖိစီးမှုများကို ဗုဒ္ဓတရားတော် အစစ်အမှန်ဖြစ်သည့် “ဗုဒ္ဓဘာသာ ဓမ္မဝိပဿနာတရားအားထုတ်မှု”ဖြစ်သော “ဓမ္မာနုပဿနာ”ကျင့်စဉ်ကသာ ငြိမ်းအေးရာ အစစ်အမှန်ဖြစ်စေနိုင်မည် ဖြစ်ကြောင်း၊ ယခု စာတမ်းဖတ်ပွဲကြီးတွင် “ဓမ္မာနုပဿနာ” ကျင့်စဉ်ကို နိုင်ငံတကာမှ ပညာရှင်များ ပါဝင်ဖတ်ကြားဆွေးနွေးမည်ဖြစ်၍ အလွန်အဖိုးတန်သော ဆွေးနွေးပွဲကြီးဖြစ်ပါကြောင်း၊ မြတ်စွာဘုရားရှင်ဟောကြားတော်မူအပ်သော သတိပဋ္ဌာန်တရားလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်တော်မူသည့် (ဓမ္မာနုပဿနာ) စာတမ်းဖတ်ပွဲအခမ်းအနားကို နိုင်ငံတကာအဆင့် ကျင်းပနိုင်ခြင်းအတွက် တက္ကသိုလ်နှင့် သာသနာရေးဝန်ကြီးဌာန အနေဖြင့်သာမက နိုင်ငံတော်အနေဖြင့်ပါ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းဖြင့် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များနှင့် ပြည်တွင်း၊ ပြည်ပနိုင်ငံများမှ ဓမ္မစာပေပညာရှင်များ၊ စာတမ်းရှင်များအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ဆက်ကပ်အပ်နှင်းကာ တက္ကသိုလ်မှသင်ကြားရေး ဆရာတော်များ၊ ဆရာ၊ ဆရာမများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး စာတမ်းဖတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။

အဆိုပါ စာတမ်းဖတ်ပွဲကို ယနေ့မှစ၍ ဒီဇင်ဘာ ၂၂ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမှ ရဟန်းပညာရှင်များ၊ လူပုဂ္ဂိုလ်ပညာရှင်များနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ သင်တန်းသားများ စုစုပေါင်း ၂၅၀ ကျော် တက်ရောက် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများဆိုင်ရာ သိပ္ပံကျောင်းအဖွဲ့ အစည်းနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့ ကွင်းစ်လန်းနည်းပညာတက္ကသိုလ်မှ ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးနည်းစနစ်များ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်များ၊ နည်းပညာနှင့် လေ့ကျင့်သင်ကြားပေးခြင်းလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းအစီအစဉ်သို့ တက်ရောက်ရန်အတွက် ဩစတြေးလျနိုင်ငံသို့ ဒီဇင်ဘာ ၉ ရက်မှ ၁၆ ရက်အထိ သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ကွင်းစ်လန်းနည်းပညာတက္ကသိုလ်၌ ဌာနအသီးသီးသို့ သွားရောက်၍ ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများဆိုင်ရာ သိပ္ပံကျောင်း အကြီးအကဲ Professor MaryLou Fleming အပါအဝင် သက်ဆိုင်ရာ ပါမောက္ခများနှင့် တာဝန်ခံအရာရှိကြီးများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် လူမှုရေးအရ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် အုပ်စုများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် တစ်ဆင့်ပြီးတစ်ဆင့် ထောက်ပံ့ဆောက်ရွက်သွားမည့်အစီအစဉ်များ၊ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများနှင့်အညီ ဆောင်ရွက်နေမှု၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ရန်ကုန်မြို့တွင် အောင်မြင်စွာဖွင့်လှစ်လျက်ရှိသည့် မြန်မာနိုင်ငံ၏ ပထမဆုံး အခမဲ့သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဌာန ဖွင့်လှစ်နေမှု၊ အသက်(၁၀၀)ကျော် သက်ကြီးဝါကြီးများအား နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုလွှာနှင့် ချီးမြှင့်ငွေထောက်ပံ့ခြင်း အစီအစဉ်၊ အသက်(၉၀)နှစ်နှင့် (၁၀၀)နှစ်ကြား အဘိုး၊ အဘွားများကို ဝန်ကြီးဌာန ဘတ်ဂျက်မှ ထောက်ပံ့မည့်အစီအစဉ်တို့ကိုလည်းကောင်း။

“သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ”ကို အတည်ပြုပြီးစီးမှုအခြေအနေ၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်စီမံကိန်း (၂၀၁၃-၂၀၂၂)အတိုင်း အကောင်အထည်ဖော်နေမှု၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် အကောင်အထည်ဖော် ဆောင်ရွက်မှုအနေဖြင့် စတုတ္ထနှင့်ပဉ္စမအကြိမ် ပူးတွဲအစီရင်ခံစာကို ကုလသမဂ္ဂသို့ ပေးပို့ထားမှု၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေ အတည်ပြုနိုင်ရေး ပြီးစီးမှုအခြေအနေ၊ “မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ”အတိုင်း လိုက်နာဆောင်ရွက်နေမှုတို့ကိုလည်းကောင်း။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုအရ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့မှာ ဒီဇင်ဘာ ၄ ရက်မှစတင်၍ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သော မြန်မာနိုင်ငံတွင် ပထမဆုံးတစ်ခုတည်းသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကျောင်းကြီး(Disaster Management Training Center)အတွက် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့သည်။ ထို့နောက် တက္ကသိုလ်စာကြည့်တိုက်သို့ သွားရောက်၍ အဆင့်မြင့်စာကြည့်တိုက်နည်းပညာများကို လေ့လာကြည့်ရှုသည်။

ဆွေးနွေးဖလှယ်ခြင်းခရီးစဉ်အတွင်း ဝန်ကြီးဌာနနှင့် ဩစတြေးလျနိုင်ငံ ကွင်းစ်လန်း နည်းပညာတက္ကသိုလ်၊ ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများဆိုင်ရာ သိပ္ပံကျောင်းအဖွဲ့အစည်းနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်ရန် နည်းပညာဆိုင်ရာ သဘောတူညီချက်ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# သထုံတွင် ကျေးလက်ဒေသအရောက် တိုင်းရင်းဆေးဖြင့် အခမဲ့လိုက်လံကုသပေး

**သထုံ ဒီဇင်ဘာ ၂၀**

မွန်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနက ကြီးမှူးကာ ကျေးလက်နေပြည်သူများ တိုင်းရင်းဆေးနှင့် ပတ်သက်သည့် ကျန်းမာရေးဗဟုသုတများရရှိစေရန်အတွက် ဒီဇင်ဘာ ၁၉ ရက်က သထုံမြို့နယ် မိုးကောင်းကျေးရွာအုပ်စု၌ ပန်းတိမ်ရိုးဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ဒေသခံများအား အသိပညာပေးဟောပြောပြီး တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းစစ်ဆေး ကုသပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

“ပြည်သူတွေကို တိုင်းရင်းဆေးရဲ့အကျိုးအာနိသင်တွေ၊ အသုံးပြုပုံတွေကို နားလည်စေချင်လို့ ခုလို ကျေးလက်ဒေသတွေအထိ ကွင်းဆင်းတာပါ။ ပြည်နယ်ထဲမှာရှိတဲ့ ကျေးရွာများကို ကွင်းဆင်းကုသပေးနေပါတယ်။ ဒီသထုံမှာဆိုရင် မကြာသေးခင်ကမှ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို ဖွင့်လှစ်ခဲ့ပါတယ်။ တိုင်းရင်းဆေးနဲ့ ပတ်သက်ရင် အရင်ကဆို မော်လမြိုင်ကို သွားနေရသူတွေ အချိန်ကုန် ငွေကုန် အတော်လေး သက်သာမှာပါ” ဟု ပြည်နယ်တိုင်းရင်းဆေးဦးစီးဌာနမှူး ဒေါ်သန်းသန်းမြင့်က ပြောသည်။



မွန်ပြည်နယ် ၁၀ မြို့နယ်တွင် တိုင်းရင်းဆေးကုဌာန ၁၁ ခုရှိပြီး မော်လမြိုင်တွင် ခုတင် ၅၀ ဆံ့နှင့် သထုံတွင် ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံများ ဖွင့်လှစ်ထားပြီးဖြစ်ကာ ချောင်းဆုံမြို့နယ် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ တည်ဆောက်ရန် မြေနေရာရရှိထား၍ မကြာမီတည်ဆောက်သွားမည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းနေ့တွင် ပြည်နယ်တိုင်းရင်းဆေးမှူးနှင့် တိုင်းရင်းဆေးပညာရှင်များက တိုင်းရင်းဆေး၏ အကျိုးကျေးဇူးများ၊ လက်တွေ့အသုံးချပုံနှင့် ကျန်းမာရေးအသိပညာများကို ဆွေးနွေးဟောပြောပြီး မိုးကောင်းကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများကို အခမဲ့ ဆေးဝါးများ ကုသပေးခဲ့ကြသည်။ မိုးကောင်းကျေးရွာနေ ဦးညိုက “အနောက်တိုင်းဆေးတွေထက် တိုင်းရင်းဆေးကို ပိုယုံတယ်၊ ဆေးဖက်ဝင်အပင်တွေကို သဘာဝအတိုင်းဖော်စပ်ထားပြီးတော့ ရေရှည်လည်း အသုံးပြုလို့ကောင်းတယ်၊ အကုန်အကျလည်း သက်သာတယ်၊ အခု အစာအိမ်မကောင်းလို့လာပြတာ ဆေးအခမဲ့ပေးတယ်၊ ဒါကုန်ရင် အလွယ်တကူ ဖော်စပ်နိုင်အောင်လည်း ပြပေးတယ်” ဟု ပြောကြားသည်။

**သက်ဦး(သထုံ)**

# စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး ဟောပြောမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရများအသင်း(ရန်ကုန်ရုံးခွဲ)က ကြီးမှူးကျင်းပသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၂၆ ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်းဥယျာဉ် သင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် ပြင်ပပညာရှင် ဦးရန်လင်းက “ဟင်းသီးဟင်းရွက်များကို စိုက်ခင်းမှသည် စားသုံးသူလက်ဝယ်အထိ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို လေ့လာခြင်း”ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည်ဖြစ်ကြောင်းနှင့် မည်သူမဆို အခမဲ့ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ကိုချစ်**

# နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်း

## အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်း**

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၇၇ ခုနှစ်၊ လ ရက်
(၂၀၁၅ ခုနှစ်၊ လ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတ ရာထူးသက်တမ်းကုန်ဆုံးသည်အထိ တာဝန်ထမ်းဆောင်ခဲ့သူကို ဆိုသည်။

(ခ) **ကိုယ်ရံတော်** ဆိုသည်မှာ နိုင်ငံတော်သမ္မတအား တိုက်ခိုက်ခြင်း၊ နှောင့်ယှက်ခြင်းနှင့် လက်ရောက်မှုပြုခြင်းတို့မှ အကာအကွယ်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနက ခန့်အပ်သူကို ဆိုသည်။

(ဂ) **ကိုယ်ရံတော်အဖွဲ့** ဆိုသည်မှာ ကိုယ်ရံတော်ဦးဆောင်သည့် ဤဥပဒေအရ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်သော တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်တို့ကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ကာကွယ်ရေးဝန်ကြီးဌာန သို့မဟုတ် ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ အသက်အန္တရာယ်နှင့် ကိုယ်ကာယကိုထိခိုက်ခြင်းမှ ကြိုတင်ကာကွယ်ရေး သို့မဟုတ် ကာကွယ်နိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူအား မိသားစုနှင့်အတူ လုံခြုံစွာနှင့် စိတ်အေးသက်သာစွာ နေထိုင်နိုင်စေရန်၊

(ဂ) နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ပြီး နောက်ပိုင်းတွင် ထိုတာဝန် ထမ်းဆောင်စဉ်က ဥပဒေနှင့်အညီ ဆုံးဖြတ်ခဲ့မှုများနှင့် စပ်လျဉ်း၍ အနှောင့်အယှက်ပေးခြင်း၊ အန္တရာယ်ပြုခြင်းတို့မှ ကာကွယ်နိုင်ရန်။

**အခန်း(၃)**

**နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူအား လုံခြုံရေးအကာအကွယ်ပေးခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးအတွက် အကာအကွယ်ပေးရန် နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူက အမည်စာရင်းတင်သွင်းသူတစ်ဦးကို ကိုယ်ရံတော်အဖြစ် ခန့်အပ်ရမည်။

၅။ ကိုယ်ရံတော်၏ လစာနှင့် စရိတ်ကို သက်ဆိုင်ရာဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၆။ (က) နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူသည် ကိုယ်ရံတော်ကို မည်သည့်အချိန်တွင်မဆို ကိုယ်ရံတော်အဖြစ်မှ ရပ်စဲရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြောင်းကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူက အကြောင်းကြားလျှင် ကိုယ်ရံတော်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ကိုယ်ရံတော်အဖြစ်မှ ရပ်စဲရမည်။

၇။ (က) ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အရ ကိုယ်ရံတော်အဖြစ်မှ ရပ်စဲပါက နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူသည် လစ်လပ်သွားသော ကိုယ်ရံတော်၏နေရာတွင် ကိုယ်ရံတော်တစ်ဦး ဖြည့်စွက်ခန့်ထားရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အမည်စာရင်း တင်သွင်းနိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူက အမည်စာရင်းတင်သွင်းသူကို ကိုယ်ရံတော်အဖြစ် ခန့်အပ်ရမည်။

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူကိုလည်းကောင်း၊ ယင်း၏နေအိမ်နှင့် ပရိဝုဏ်ကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ စောင့်ရှောက်ရန်နှင့် လိုအပ်သည်များ ဆောင်ရွက်ပေးရန် သင့်လျော်သောအင်အားဖြင့် ဖွဲ့စည်းထားသော ကိုယ်ရံတော်အဖွဲ့ကို တာဝန်ပေးအပ်ရမည်။

၉။ ကိုယ်ရံတော်သည် နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ နေအိမ်ပြင်ပသို့သွားလာသည့်အခါ မိမိနှင့်အတူ သင့်လျော်သော ကိုယ်ရံတော်အဖွဲ့၏ အဖွဲ့ဝင်များကို ခေါ်ဆောင်လိုက်ပါလျက် ကာကွယ်စောင့်ရှောက်ရမည်။

**အခန်း(၄)**

**နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ ဆောင်ရွက်ချက်အပေါ် အကာအကွယ်ပေးခြင်း**

၁၀။ နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူက နိုင်ငံတော်သမ္မတအဖြစ် ထမ်းဆောင်ခဲ့သည့် ကာလအတွင်း တာဝန်အရဆောင်ရွက်ချက်များကို အကြောင်းပြုလျက် ယင်းအား တရားစွဲဆိုခြင်းနှင့် အရေးယူခြင်းတို့ မရှိစေရ။

**အခန်း(၅)**

**အထွေထွေ**

၁၁။ နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူသည် ဤဥပဒေ အခန်း(၃)အရ လုံခြုံရေးအကာအကွယ်ပေးခြင်းကို နိုင်ငံတော်သမ္မတရာထူး သက်တမ်းကုန်ဆုံးသည့်နေ့ရက်မှစ၍ ရာသက်ပန်ခံစားခွင့်ရှိသည်။

၁၂။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ကိုယ်ရံတော်အဖွဲ့၏ အဖွဲ့ဝင်များ ကိုင်ဆောင်အသုံးပြုရန် သင့်လျော်သော လက်နက်ပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ တပ်ဆင်ပေးရမည်။

၁၃။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသော ကိုယ်ရံတော်အဖွဲ့၏ အဖွဲ့ဝင်များကို လိုအပ်သလို ပြောင်းရွှေ့ခြင်းနှင့် နေရာချထားခြင်းတို့ပြုနိုင်သည်။

၁၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

❖ *ကျော်ဖုံးမှ*

ဒုတိယအကြိမ် အဲကမ္ဘောဇ၏ ရွှေအောင်လံလုပွဲကြီးဖြစ်သည့် ဆိုင်းရပ်စ်နှင့် ထွန်းထွန်းမင်းတို့ ယှဉ်ပြိုင်ထိုးသတ်မှုကို ယုံကြည်မှုအပြည့်ဖြင့် တစ်ခဲနက်အားပေးရန် ရောက်လာသော ရိုးရာလက်ဝှေ့ ချစ်ပရိသတ်များသည် မျှော်လင့်မထားသည့် ထိုမြင်ကွင်းကို ကြုံတွေ့လိုက်ရသဖြင့် ဝမ်းနည်းပက်လက်ဖြစ်ကာ ရိုးရာလက်ဝှေ့ စင်ပေါ်သို့ပင် ရေသန့်ဘူးများဖြင့် ပစ်ပေါက်သည်အထိ ဖြစ်ပွားခဲ့သည်။

ယခု ထွန်းထွန်းမင်းနှင့် ဆိုင်းရပ်စ်ပွဲသည် ပွဲစသည်နှင့် တစ်ဦးနှင့်တစ်ဦး ခြေကန်ချက်များ၊ လက်သီးထိုးချက်များဖြင့် သူတစ်ပြန်ကိုယ်တစ်လှည့် တစ်မိနစ်ကျော်ကြာ မြည်းစမ်းကြည့်နေရင်း ဆိုင်းရပ်စ်၏ ဘယ်ဘက်မျက်လုံး ယခင်ဒဏ်ရာပေါင်းထိချက်ဖြင့် အနားတောင်းကာ ပွဲပြန်အစတည်ပြုမည်တွင် ဆိုင်းရပ်စ်က အနားတောင်းသတ်မှတ်မိနစ်ထက် ကျော်တောင်းရာ ခုံဒိုင်ချုပ်အဖွဲ့က ခွင့်မပြုသဖြင့် ဆိုင်းရပ်စ်က ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်း မရှိတော့ဟုဆိုတာ အရှုံးပေးသွားသည်။

"ကျွန်တော် ဒီပွဲကိုကြည့်ချင်လို့ ယခင်ပွဲတွေ အိပ်ငိုက်တာတောင် အောင့်အည်းပြီးသည်းခံခဲ့တယ်။ ထွန်းထွန်းမင်းနဲ့ ဆိုင်းရပ်စ်ပွဲကို ရောက်တော့လည်း မထင်မှတ်ဘဲ ဆက်ထိုးနိုင်သေးရဲ့သားနဲ့ အရှုံးပေးသွားတယ်။ ဆိုင်းရပ်စ်အရင် ထွန်းထွန်းမင်းနဲ့နှစ်ကြိမ်ဆုံတုန်းက တော်တော်လေးကြည့်ကောင်းခဲ့တယ်။ တူးတူးနဲ့ ပွဲတုန်းကရော တော်တော်လေးကြည့်ကောင်းခဲ့တာ။ မထင်မှတ်ဘဲ ဒီနေ့ ကြုံတွေ့လိုက်ရတာ တော်တော်လေး စိတ်ပျက်သွားတယ်။ ဒါပေမယ့် ဆိုင်းရပ်စ် အနာမခံအရှုံးပေးပြီး အနိုင်ယူသွားတယ်လို့ ထင်ပါတယ်"ဟု ရိုးရာလက်ဝှေ့ချစ်ပရိသတ်တစ်ဦးက ၎င်း၏အမြင်ကို ပြောခဲ့သည်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သည့် ဒုတိယအကြိမ် အဲကမ္ဘောဇ ရွှေအောင်လံရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် လေးချီပွဲ သုံးပွဲ၊ ငါးချီပွဲ ငါးပွဲယှဉ်ပြိုင်ထိုးသတ်ကြရာ ပထမဆုံး လေးချီပွဲဖြစ်သည့် ထယ်ကြီး (STL)နှင့် ဥဒေါင်းမင်း (ထွန်းထွန်းမင်း)တို့ပွဲတွင် ဥဒေါင်းမင်းက ထယ်ကြီးထက် အရပ်အမောင်းမြင့် ကွံ့ခိုင်မှုအားကောင်းသည်ဟု အမြင်ပိုင်းတွင်ပေါ်လွင်သော်လည်း ပထမအချီအစမှာပင် ထယ်ကြီးဘယ်ခြေကန်ချက် ညာနားထင်ထိကာ အနားတောင်းလိုက်ရသည်။ သို့သော် ဒုတိယအချီတွင် ထယ်ကြီး၏ ဘယ်၊ ညာတွဲလုံးများနှင့်အတူ ပြင်းထန်သည့် ခြေကန်ချက်တို့ကို ဥဒေါင်းမင်း ထောက်၊ ပင့်လက်သီးတို့ဖြင့် တုံ့ပြန်ထိုးသတ်နိုင်ခဲ့သော်လည်း ဒုတိယအချီ ၂ မိနစ် ၄၅ စက္ကန့်အရောက်တွင် ထယ်ကြီး၏ ညာဒူးတိုက်ချက်ဖြင့် ပွဲသိမ်းအနိုင်ယူမှုကို ခံလိုက်ရသည်။ ဒုတိယပွဲဖြစ်သည့် ရဲမာန်ဟိန်း(ထွန်းထွန်းမင်း)နှင့် သျှင်ရဲထွဋ်(အဖြူရောင်သွေးသစ်)တို့ပွဲတွင် ပွဲစသည်နှင့် အရပ်အမောင်းမြင့်သည့် သျှင်ရဲထွဋ်က လက်သီးပါဝါအားနည်းမှု ရှိသော်လည်း ဒူးတိုက်ချက်၊ ခြေကန်ချက်နှင့်အတူ ထောက်လက်သီးတို့ကိုသုံးကာ အရပ်အမောင်းနိမ့်သည့် ရဲမာန်ဟိန်းကို တတိယအချီ ၂ မိနစ် ၁၀ စက္ကန့် တွင် အလဲထိုးဖြင့် ပွဲသိမ်းအနိုင်ယူခဲ့သည်။

လေးချီပွဲစဉ်၏ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ဖိုးသော် (အဖြူရောင်သွေးသစ်)နှင့် မျိုးမာန်သစ် (STL)တို့ ပွဲသည်လည်း အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေကျကာ၊ ငါးချီပွဲစဉ်များဖြစ်သည့် စောဖြိုးဝေ(အဖြူရောင်သွေးသစ်)နှင့် တိမ်တိုက်(ထွန်းသွင်)၊ ကျော်ကြား(တောင်ကလေး) နှင့် ထွန်းနိုင်ဦး(အဖြူရောင်သွေးသစ်)၊ စိုးထက်ဦး(အဖြူရောင်သွေးသစ်)နှင့် စောမင်းအောင်(တောင်ကလေး)၊ ဝမ်းစတား (ရွှေဖူး)နှင့် ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)တို့၏ ပွဲများမှာလည်း ငါးချီပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် အလဲထိုးနိုင်စွမ်းအားမရှိသဖြင့် သရေပွဲများဖြင့်ပင် ပြီးဆုံးခဲ့သည်။

"ဒီနေ့ပွဲတွေမှာ သဘောမကျမှုတွေက အများကြီးပါ။ ထွန်းထွန်းမင်းတို့ပွဲကတော့ ပြောစရာတောင်မလိုဘူးလို့ ထင်ပါတယ်။ ဒီပွဲအခုလို သရုပ်ပျက်သွားတဲ့အပြင် အခြား သတိထားမိတဲ့ အချက်လေးတွေကတော့ ကျွန်တော်တို့မြန်မာ့ရိုးရာလက်ဝှေ့မှာ ရှေးယခင်ကတည်းက သတ်မှတ်ထားတဲ့ အနီထောင့်နဲ့ အဝါထောင့်ဆိုတာရှိတယ်။ ပြောရရင် အဲဒီလိုသတ်မှတ်ထားတာက သတ်မှတ်ဝတ်ဆင်ကစားရတဲ့ယူနီဖောင်းပါ။ ဒီနေ့ အဲ့ဒီလို သတ်မှတ်စည်းကမ်းလိုက်နာမှုမရှိဘဲ ဥဒေါင်းမင်း(ထွန်းထွန်းမင်း)ဆို အပြာထောင့်ဆိုပြီး အနီရောင်ဘောင်းဘီ ဝတ်ဆင်ထိုးသတ်တယ်။ တစ်ခါ ရဲမာန်ဟိန်း(ထွန်းထွန်းမင်း)ဆိုရင်လည်း အနီထောင့်ဆိုပြီးတော့ အဖြူရောင်ဘောင်းဘီ ဝတ်ဆင်တက်ထိုးတာတွေ့ရသလို ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)နဲ့ ဝမ်းစတား(ရွှေဖူး)ဆိုရင်လည်း သတ်မှတ်ယူနီဖောင်းဝတ်စုံနဲ့ ယှဉ်ပြိုင်ထိုးသတ်တာကို မတွေ့ရဘူး။ စည်းကမ်းပိုင်းဆိုင်ရာ လိုက်နာမှုမှာ မွေထိုင်းနဲ့ယှဉ်လိုက်ရင် အလွန်ကွာတယ်လို့မြင်တယ်။ ဒီနေ့ဆိုရင် ပြည်ပနိုင်ငံခြားသားတွေ လာရောက်အားပေးတာ မနည်းဘူး။ ဘယ်လောက်ရှက်စရာကောင်းလဲ"ဟု ယနေ့ပွဲစဉ်များကို လာရောက်အားပေးကြည့်ရှုသည့် ကိုမိုးဝေက ပြောသည်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သည့် ဒုတိယအကြိမ် အဲကမ္ဘောဇ ရွှေအောင်လံ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် အကောင်းဆုံးလက်ဝှေ့သမားဆုချီးမြှင့်ခဲ့ရာ ထွန်းသွင်ကလပ်မှ တိမ်တိုက်ကရရှိခဲ့သည်။

**(မြန်မာ့အလင်း)**

---



ထိုင်းနိုင်ငံက ကြီးမှူးကျင်းပသည့် အာဆီယံနိုင်ငံများ၏ ဆန်စပါးပြိုင်ပွဲ "Rice is Life" ခေါင်းစဉ်ဖြင့် ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင် အောင်ကျော်ထွန်း (ပုသိမ်ကြီး) ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယဆု ရရှိ၍ ဒီဇင်ဘာ ၁၄ ရက်က ဆုလက်ခံရယူစဉ်။

(မြန်မာ့အလင်း)

## (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ပြပွဲ/ပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်၌ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ ရက်က မရမ်းကုန်းမြို့နယ် အလက(၅)၌ ကျင်းပခဲ့ သည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က အမှာစကားပြောကြားပြီး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ထူးခြားသည့် ညအပူချိန်**

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် -၅ ဒီဂရီစင်တီဂရိတ်၊ ပူတာအို မြို့တွင် ၄ ဒီဂရီ စင်တီဂရိတ်၊ မချမ်းဘောမြို့၊ လွိုင်လင်မြို့၊ ဖလမ်းမြို့နှင့် ခန္တီးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ အမ်းမြို့တွင် ၀ ဒသမ ၈၆ လက်မနှင့် ဗန်းမော်မြို့တွင် ၀ ဒသမ ၂၄ လက်မတို့ဖြစ်ကြသည်။

**(မိုး/ဇလ)**

# စိုက်ပျိုးရေများပေးဝေနေသည့် ရွှေလုံ့ဗိုလ်နှင့် ထီးတော်မိုးလျှပ်စစ်မြစ်ရေတင်စီမံကိန်း

နေပြည်တော် ဒီဇင်ဘာ ၂၀

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်သည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနညွှန်ကြားရေးမှူးဦးကျော်မင်းဦးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရွှေလုံ့ဗိုလ်နှင့် ထီးတော်မိုး လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။** (အောက်ပုံ)



ရှေးဦးစွာ ဒုတိယဝန်ကြီးသည် ရွှေလုံ့ဗိုလ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ စီမံကိန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဝင်းထွန်းက ရွှေလုံ့ဗိုလ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စိုက်ပျိုးမြေဧက ၂၄၈၀ ဧကအား စိုက်ပျိုးရေပေးဝေနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လယ်ယာမြေများကို တောင်သူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ Land Develop လုပ်ဆောင်ရန်နှင့် Contract Farming စနစ်ဖြင့် စိုက်ပျိုးမြေနှင့်လူ့စွမ်းအားများ တိုးတက်စေရေးလှေ့လာဆောင်ရွက်ရန်၊ Mechanized Farm System အသုံးပြုရေးညှိနှိုင်းဆောင်ရွက်ရန်၊ ကျေးရွာများ မိုးရေဖြင့် သောက်သုံးရေသိုလှောင်အသုံးပြုနိုင်ရေးအတွက် အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးဆောင်ရွက်ရန်၊ ရေပေးမြောင်းများ ရေပေးဝေမှုပိုမိုထိရောက်စေရန်အတွက် လိုင်နင်စီခြင်းလုပ်ငန်းများအား ဦးစားပေးဆောင်ရွက်သွားရန်နှင့် မြစ်ရေတင်ဧရိယာများတွင် Water Harvest အတွက် Drip & Spinkler စနစ်သုံး၍ စိုက်ပျိုးရေပေးဝေနိုင်ရေး တောင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားပြီး ရေတင်အဆင့် (၁)ရေငြိမ်ကန်မှ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့်အဖွဲ့သည် ထီးတော်မိုး လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ဆက်လက်ထွက်ခွာလာခဲ့ရာ ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်း ဆောင်ရွက်ဆဲကာလအတွင်း စိုက်ပျိုးမြေများအား စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ မြစ်ကမ်းပါးအခြေအနေနှင့် တောင်သူများ သီးနှံစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့သည်။

ရွှေလုံ့ဗိုလ်မြစ်ရေတင်စီမံကိန်းသည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြီးစီးခဲ့သဖြင့် စိုက်ပျိုးမြေဧက ၃၀၀၀ ကို ရေပေးဝေခဲ့ရာ ယနေ့အချိန်ထိစိုက်ပျိုးမြေ ၁၇၇၉၉ ဧကကို အောင်မြင်စွာ ရေပေးဝေခဲ့သည်။

အလားတူ ထီးတော်မိုးမြစ်ရေတင် စီမံကိန်းကိုလည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး လုပ်ငန်းများဆောင်ရွက်ဆဲကာလအတွင်းမှာပင် စိုက်ပျိုးမြေဧက ၆၅၀ ကို ရေပေးဝေနိုင်ခဲ့ပြီး ယင်းစီမံကိန်းပြီးစီးသွားပါက စိုက်ပျိုးမြေဧက ၁၅၀၀ ကိုရေပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကော့သောင်းမြို့၌ ယခုနှစ်ဒီဇင်ဘာ ပိုမိုအေးလာ၊ ပင်လယ်ပြင်၌ လှိုင်းထန်ခြင်းကြောင့် ငါးဖမ်းလှေများ မထွက်နိုင်

ကော့သောင်း ဒီဇင်ဘာ ၂၀

**မြန်မာနိုင်ငံတောင်ပိုင်း ကော့သောင်းမြို့သည် အီကွေတာနှင့် နီးသောမြို့တစ်မြို့ဖြစ်ရာ နှစ်စဉ် ဆောင်းရာသီတွင် အအေးဓာတ်ကို ခံစားရလေ့မရှိသည့်မြို့တစ်ဖြစ်ပြီး ယခုနှစ် ဒီဇင်ဘာလတတိယပတ်တွင် တောင်တရုတ်ပင်လယ်မှလေပြင်းများ တိုက်ခတ်လာ၍ ယခင်နှစ်များထက် သိသာစွာ အအေးဓာတ်ပိုမိုခံစားလာရပြီး နံနက်ပိုင်းတွင် မြူနှင်းများထူထပ်စွာ ကျရောက်လျက်ရှိကြောင်းသိရသည်။**



ပင်လယ်ပြင်၌ လှိုင်းထန်မှုကြောင့် ငါးဖမ်းလှေများ ကော့သောင်းဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည်ကို တွေ့ရစဉ်။

ထိုင်းနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒဌာန၏ သတင်းထုတ်ပြန်ချက်များအရ တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် အအေးဓာတ်များသည် ထိုင်းနိုင်ငံ အရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများမှတစ်ဆင့် နယ်နိမိတ်ချင်းထိစပ်နေသည့် မြန်မာနိုင်ငံတောင်ပိုင်း ကော့သောင်းမြို့အထိ အကျိုးသက်ရောက်မှုဖြစ်နိုင်ကြောင်း သိရသည်။ ထိုင်းနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးများရွာသွန်း၍ လေတိုက်နှုန်းမြင့်မားမှုနှင့်အတူ ကော့သောင်းမြို့ထိတိုင် အကျိုးသက်ရောက်မှုအဖြစ် ညနေပိုင်း အချိန်များတွင် လေတိုက်နှုန်းမြင့်မားခြင်း၊ လှိုင်းထန်ခြင်းများဖြစ်ပေါ်လျက် ပင်လယ်ငါးဖမ်းလှေများ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေး အခက်အခဲဖြစ်နေကြောင်း သိရသည်။

ထိုင်းနိုင်ငံ မိုးလေဝသဌာန၏ ဒီဇင်ဘာ ၁၉ ရက် သတင်းထုတ်ပြန်ချက်အရ ထိုင်းနိုင်ငံတောင်ပိုင်း ထိုင်းပင်လယ်ကွေ့ အနီးနှင့် မြန်မာနိုင်ငံတောင်ပိုင်းနှင့် ဆက်စပ်လျက်ရှိသည့် အက်ဒမန်ပင်လယ်ကမ်းခြေအနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး လေကြမ်းများတိုက်ခတ်ကာ မိုးများရွာသွန်း၍ ပင်လယ်လှိုင်းများ ၂ မီတာမှ ၄ မီတာအထိ မြင့်တက်လာနိုင်ကြောင်း၊ ပင်လယ်အတွင်း သွားလာလျက်ရှိသည့် သင်္ဘောများသတိရှိစွာသွားလာရန်နှင့် ငါးဖမ်းလှေငယ်များ ယင်းအချိန်အတွင်း ကမ်းမှထွက်ခွာခြင်း မပြုရန် တားမြစ်ထားကြောင်း သိရသဖြင့် ပင်လယ်ရေပြင်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် မြန်မာ့ပင်လယ်ပြင်အထိ အကျိုးသက်ရောက်မှုများ ဖြစ်လာနိုင်ဖွယ်ရှိ၍ မြို့နေပြည်သူများ၊ သင်္ဘောကြီးရွယ်အိုးများ၊ ပင်လယ်ငါးဖမ်း ရေလုပ်သားများ သတိပြုနေထိုင်လုပ်ကိုင်နိုင်ရေး အသိပေးနှိုးဆော်ထားကြောင်းသိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ကျော်စိုး (ကော့သောင်း)**



ကော့သောင်းမြို့တွင်း၌ မြူနှင်းများ ထူထပ်စွာကျဆင်းနေမှုကို တွေ့ရစဉ်။

# မြန်မာအမျိုးသားဖူဆယ်အသင်း တတိယနေရာရရှိ

**ပေကျင်း ဒီဇင်ဘာ ၂၀**

တရုတ်ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညပိုင်းက တရုတ်နိုင်ငံ၌ ကျင်းပရာ မြန်မာအမျိုးသား ဖူဆယ်အသင်းမှာ တတိယနေရာရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲကို အိမ်ရှင်တရုတ်လက်ရွေးစင်အသင်း၊ အီရန်လက်ရွေးစင်အသင်း၊ မြန်မာလက်ရွေးစင်အသင်းနှင့် မက္ကဆီကိုလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး ပတ်လည်စနစ်ဖြင့်ကစားကာ ပထမ၊ ဒုတိယ၊ တတိယဆုချီးမြှင့်ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ပွဲဦးထွက်ပွဲတွင် နာမည်ကြီးအီရန်လက်ရွေးစင်းအသင်းကို ၁၅ ဂိုး- ၂ဂိုး၊ ဒုတိယပွဲတွင် အိမ်ရှင်တရုတ်အသင်းကို လေးဂိုး-သုံးဂိုးတို့ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း နောက်ဆုံးပွဲတွင် မက္ကဆီကိုအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းမှာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် တတိယနေရာရရှိခဲ့ပြီး မက္ကဆီကိုအသင်းမှာ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး စတုတ္ထနေရာသာရရှိခဲ့သည်။ မြန်မာအမျိုးသားဖူဆယ်အသင်းမှာ ယခုပြိုင်ပွဲကို အမာခံနှင့် လူသစ်ကစားသမားများ ပေါင်းစပ်ဖွဲ့စည်းကာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**




တရုတ်ဖိတ်ခေါ်ပြိုင်ပွဲ၌ တတိယနေရာရရှိခဲ့သည့် မြန်မာအသင်းကို ဆုယူအပြီးတွေ့ရစဉ်။ (ဓာတ်ပုံ-MFF)

# လယ်ဝေးမြို့နယ်တွင် တိုင်းရင်းဆေးအခမဲ့ကုသ/အသိပညာပေး



**လယ်ဝေး ဒီဇင်ဘာ ၂၀**

ကျေးလက်နေပြည်သူများ မိမိတို့အနီးဝန်းကျင်တွင်ရှိသည့် ဆေးဖက်ဝင်အပင်များနှင့် မိမိတို့နေ့စဉ်စားသုံးနေသည့် အစားအစာများထဲမှ ကျန်းမာရေးနှင့် ညီညွတ်သည့်အစားအစာများကို ရွေးချယ်စားသုံးကာ ကျန်းမာသည့် လူနေမှုဘဝများ ရရှိစေရန် တိုင်းရင်းဆေးအသိပညာ ဟောပြောခြင်းနှင့် အခမဲ့ဆေးကုသခြင်းလုပ်ငန်းများကို လယ်ဝေးမြို့နယ်တိုင်းရင်းဆေးကု ဦးစီးဌာနနှင့် ပြန်ဆက်ဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့က ကျေးရွာသုံးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် လယ်ဝေးမြို့နယ်အတွင်းရှိ သစ်တောရွာ၊ ဝင်တဲကူးရွာနှင့် မြောင်သာယာကျေးရွာများသို့ သွားရောက်၍ မြို့နယ်တိုင်းရင်းဆေးကု ဦးစီးဌာနဆေးခန်းမှူး ဒေါ်အေးအေးအောင်နှင့် ဝန်ထမ်းများက တိုင်းရင်းဆေးကုသခြင်းနှင့် အသိပညာပေးဟောပြောခြင်းလုပ်ငန်းများကို လည်းကောင်း၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်(ဝေကြည်-လယ်ဝေး)က အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ဓာတ်ပုံပြပွဲပြသခြင်းလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှုပ(နေပြည်တော်)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် ပြည်သူများ လူကုန်ကူးခံရမှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်သူများအား လူကုန်ကူးမှုနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ၊ ပြောင်းလဲဖြစ်ပေါ်နေသည့် လူကုန်ကူးမှုဖြစ်စဉ်များကို သိရှိစေရန် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်က ကျိုင်းတုံမြို့နယ် ဝမ်ဝိန်းမိုင်ကျေးရွာရှိ ဘုန်းကြီးကျောင်းရှိ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၁၈)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ကျိုင်းတုံ)မှ ရဲအုပ်သက်ဇော်ထွန်းက မြန်မာနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသည့် လူကုန်ကူးမှုများ၊ တရားမဝင် ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာမှ လူကုန်ကူးခံရမှုဖြစ်စဉ်များ၊ အန္တရာယ်ကင်းသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာများနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ၊ အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် ရပ်ကွက်(သို့) ကျေးရွာအုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၇-က ပါ ပြဋ္ဌာန်းချက်များအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ပြီး ကျေးရွာနေပြည်သူ ၅၉ ဦးအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **ကိုရဲ**

ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေး လုပ်ငန်းများကို ဒီဇင်ဘာ ၂၀ ရက်မှ စတင်ပြီး ပုသိမ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို ဦးဆောင်မှုဖြင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ မော်တော်ယာဉ် စနစ်တကျပြေးဆွဲရေးကော်မတီတို့ ပူးပေါင်း၍ ပုသိမ်မြို့ ကမ်းနားလမ်း မြို့တော်ခန်းမရှေ့၌ ယာဉ်စည်းကမ်း အသိပညာပေးစဉ်။

ပုသိမ်-လှကြည်



# ကွဲပွဲမြို့တိုက်နယ်ဆေးရုံအတွက် ပစ္စည်းနှင့်အလှူငွေပေးအပ်

**ကွဲပွဲ ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကွဲပွဲမြို့တိုက်နယ်ဆေးရုံသစ်ကြီး၌ လိုအပ်လျက်ရှိသော လူနာခုတင်တစ်လုံး၊ ဗီိုးခဲ့တစ်လုံးနှင့် အလှူငွေများပေးအပ်ပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကွဲပွဲတိုက်နယ်ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကွဲပွဲမြို့ မင်းဂံရိုးရပ်ကွက်နေ ကွယ်လွန်သူ ဦးသာလှအားရည်စူး၍လူနာခုတင်တစ်လုံး၊ ဗီိုးခဲ့တစ်လုံးအား ကျန်ရစ်သူမိသားစုတစ်စုကလည်းကောင်း၊ ရန်ကုန်မြို့နေ ဦးတင်ရွှေ-ဒေါ်သန်းသန်းအေးမိသားစုက အလှူငွေကျပ်တစ်သိန်းနှင့် စင်ကာပူနိုင်ငံနေ ဦးနွယ်ဝင်းမိသားစုက အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၁၁၄)**

# ကျေးရွာချင်းဆက်လမ်းနှင့် တံတားတည်ဆောက်

**ကျောက်ဖြူ ဒီဇင်ဘာ ၂၀**

ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစောထွန်း၊ မြို့နယ်ဦးစီးမှူး ဦးတင်မောင်နှင့်အဖွဲ့သည် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အမှတ်(၇) တိုက်နယ်ရှိ ကပိုင်ချောင်း-အနောက် ပန်းတောပြင်- အရှေ့ပန်းတောပြင်-ကူးတို့ဆိပ်-ကွဲတဲကျေးရွာချင်းဆက် မြေသားလမ်း(၆)မိုင်နှင့် ကျောက်ချောလမ်းခြောက်မိုင်၊ တံတားခုနစ်စင်း၊ ရေပြွန် ၁၅ စင်း ဆောင်ရွက်နေမှုတို့ကို ဒီဇင်ဘာလဒုတိယပတ်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါလမ်းကို စုစုပေါင်း တန်ဖိုးငွေကျပ် ၅၆၆ ဒသမ ၅ သန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့သည်။ အဆိုပါလမ်းဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာ ငါးရွာမှ အိမ်ထောင်စု ၁၅၀၇ စုနှင့် လူဦးရေ ၆၄၆၁ ဦးတို့မှ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို နေ့ညအချိန်မရွေး လွယ်ကူစွာသွားလာ နိုင်ကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံစာရင်းကောင်စီ အောင်လက်မှတ်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံ စာရင်းကောင်စီ၏ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် စာမေးပွဲအောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး(ရန်ကုန်)သင်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး ဆုနှင့်ပညာရေးရန်ပုံငွေ လှူဒါန်းခဲ့သည့် အလှူရှင်များ၊ စာအုပ်နှင့် စာရေးကိရိယာအလှူရှင်များအား ဂုဏ်ပြုလက်မှတ်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံစာရင်းကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင်များက စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ၊ ဒုတိယပိုင်း စာမေးပွဲအောင်မြင်သူများအား အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

# လှိုင်သာယာ စက်ရုံအလုပ်သမားများစားသုံးနိုင်ရန် သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချပေးနေဟုဆို

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာပြည်၏ စက်ရုံအများဆုံးတည်ရှိရာ လှိုင်သာယာစက်မှုဇုန်တွင် အလုပ်သမားများ အဆောင်ခထက် စားစရိတ်မြင့်မားမှုကို ကြုံတွေ့နေရသောကြောင့် စက်ရုံအချို့ရှိ တစ်ပိုင်တစ်နိုင် ဖွင့်လှစ်သော ထမင်းဆိုင်အချို့က သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချပေးသည့်အတွက် စက်မှုဇုန်(၄)ရှိ အလုပ်သမားများ တစ်နေ့စာ ထမင်းစရိတ်အတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဘာဟင်းနဲ့စားစား တစ်ခါပြင် ငွေကျပ် ၅၀၀ ပဲယူတယ်။ ဒီလမှ ကြက်သွန်ဈေးတက်လို့ ဈေးပြင်လိုက်တာပါ။ အမြတ်သိပ်မကျန်ဘူး။ ကလေးငါးယောက်ရှိတယ်၊ မိသားစုမီးဖိုချောင်လည်း အဆင်ပြေတဲ့အပြင် တစ်နေ့ခုနစ်ထောင်ကျန်တယ်။ ပြီးတော့ အလုပ်သမားတွေလည်း မျက်စိမှိတ်ပြီး စားစရာမလိုဘူး၊ သက်သာတဲ့ ဈေးနှုန်းနဲ့စားနိုင်အောင် ရောင်းခဲ့တာ ငါးနှစ်ရှိပါပြီ။ ဆန်ကိုအလတ်တန်းစား သုံးတယ်။ တို့စရာ၊ ဟင်းချိုကအစထည့်ပေးတယ်။ ချိုင့်ဆွဲယူတာလည်းရှိတယ်။ သူများတွေလို အများကြီးမလှူနိုင်ပေမယ့် မလှူနိုင် ဈေးရောင်းဆိုတဲ့ စကားပုံအတိုင်း စေတနာထားပြီး သင့်တင့်သော ဈေးနှုန်းနဲ့ရောင်းပါတယ်"ဟု စက်မှုဇုန်(၄) မြဝတီမင်းကြီးလမ်းတွင် ထမင်းရောင်းနေသော ဦးမြတ်စံက ပြောသည်။

ကုန်ဈေးနှုန်း မြင့်တက်မှုသည် ရောင်းချသူအပေါ်တွင်မူတည်သကဲ့သို့ စားသုံးသူပေါ်တွင်လည်း အခြေခံလျက်ရှိရာ လက်ဖက်ရည်၊ ကော်ဖီ တစ်ထုပ်လျှင် ငွေကျပ် ၁၀၀ သာရှိသော်လည်း လက်ဖက်ရည်ဆိုင်တွင် ငွေကျပ် ၃၀၀ ထိ ရောင်းချနေသောကြောင့် မူလတန်ဖိုးထက် ဈေးကွာခြားမှုကို စားသုံးသူများ ကြုံတွေ့နေရခြင်းဖြစ်ပြီး ထမင်းတစ်ခါပြင် ငွေကျပ် ၅၀၀ မှ ၃၀၀၀ ထိ ဈေးကွာခြားမှုသည် ထူးခြားသော အပြင်အဆင်နှင့် ကုန်ဈေးနှုန်းထက် ရောင်းချသူ၏ ဈေးနှုန်းသတ်မှတ်ချက်နှင့် အခွန်အခကြောင့်သာဖြစ်နိုင်ကြောင်း ဘုရားလမ်းရှိ ထမင်းဆိုင်ပိုင်ရှင်တစ်ဦးကလည်း သုံးသပ်ပြောကြားသည်။

"ကျွန်မတို့ဒီစက်ရုံမှာ ငါးနှစ်ရှိပြီး၊ အလုပ်အကိုင် အဆင်မပြေတော့ အရင်လို ငွေပြန်မပို့နိုင်ပေမယ့် စားစရိတ်ကို ချွေတာနိုင်တဲ့အတွက် အကြွေးမတင်တော့ဘူး။ အကြွေးကင်းတော့ အလုပ်အဆင်မပြေခဲ့ရင်တောင် အပူတစ်ခုလျော့ပါတယ်။ အဖေပင်စင်မယူခင်တုန်းက ရုံးကို လိုက်ဖူးတယ်။ ရုံးကကင်တီးမှာ ထမင်းစားရင် ဈေးလည်းသက်သာတယ်၊ ဟင်းလည်းကောင်းတယ်။ စက်ရုံတွေက အဲ့ဒီလို လုပ်ပေးနိုင်ရင် အလုပ်သမားတွေ အဆင်ပြေနိုင်တယ်။ အခုတော့ စက်ရုံရှေ့မှာ ဖွင့်တဲ့ ထမင်းဆိုင်ပဲ အားကိုးနေရတာ။ ဆိုင်ကြီးတွေလို မဟုတ်ပေမယ့် ငွေကျပ် ၅၀၀ ဆိုတော့ အဆင်ပြေတယ်။ စက်ရုံဆင်းတော့လည်း ဆိုင်ကပဲ ထမင်းပြန်ထည့်သွားတယ်"ဟု NORTH SHORE အထည်ချုပ်စက်ရုံမှ မအေးမိစံက ပြောသည်။

**သန်းထိုက်(လှိုင်သာယာ)**



လှိုင်သာယာ စက်မှုဇုန် အလုပ်သမား များ အတွက် စရိတ်သက်သာစွာဖြင့် ရောင်းချပေးသည့် ထမင်း ဆိုင်ကို တွေ့ရစဉ်။

# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု၊ မိုင်းတုံ၌ မြို့ရေပေးဝေရေးဖွင့်

**မိုင်းတုံ ဒီဇင်ဘာ ၂၀**

(၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်အစိုးရ၏ထောက်ပံ့ငွေကျပ် ၁၅၅၇ သိန်းဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ဂါလန် ၆၂၅၀၀ဆံ့ မြို့ရေပေးဝေရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက အဆိုပါရေကန်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်ဦးက မြို့ပေါ်သုံးရပ်ကွက်နေ ပြည်သူများက ရေပိုက်ခေါင်းလေးဖွင့်လိုက်ရုံဖြင့် သန့်ရှင်းသည့်သောက်သုံးရေ အလွယ်တကူရရှိနိုင်တော့မည်ဖြစ်ကြောင်း ဝမ်းသာစကားပြောကြားသည်။

ထို့နောက် ရပ်ကွက်နေပြည်သူတစ်ဦးက ကျေးဇူးတင် စကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက အထိမ်းအမှတ်တံဆိပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

"အရင်က ကျွန်တော်တို့ မြို့ပေါ်(၃)ရပ်ကွက်နေ ပြည်သူတွေဟာ တစ်ပိုင်တစ်နိုင် ရေစုပ်စက်တွေနဲ့ နမ့်တုံချောင်းရေကိုသာ သုံးစွဲကြရတော့ ရေအတွက် အချိန်ပေးရတယ်၊ ချောင်းနဲ့ဝေးတဲ့အိမ်တွေက ရေအခက်အခဲရှိကြတယ်၊ အခု




အိမ်မှာ ရေပိုက်ခေါင်းလေးဖွင့်လိုက်တာနဲ့ သန့်ရှင်းတဲ့သောက်သုံးရေရရှိတော့ တာဝန်ရှိတဲ့သူတွေကို ကျေးဇူးတင်ပါတယ်"ဟု နောင်ပါရင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းမတ်က ပြောသည်။

**သန်းဇော်(ပြန်/ဆက်)**

# တောင်ပေါ်ဒေသ ခန္တီးမြို့တွင် ရော်ဘာစိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်း

**ခန္တီး ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ခန္တီးခရိုင် ခန္တီးမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မင်းထက်ဦးကုမ္ပဏီတို့ပူးပေါင်း၍ ဒေသအတွင်း လူမှုအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်၍ ရော်ဘာပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကိုဆောင်ရွက်ခဲ့ရာ စိုက်ပျိုးနည်းစနစ်ပညာပေးခြင်း၊ ရော်ဘာအစေးထုတ်နည်းပညာများကို နယ်မြေကွင်းဆင်းဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။

ယခုအခါ ကင်းတော်ကျေးရွာအုပ်စု မင်းထက်ဦးကုမ္ပဏီရော်ဘာခြံတွင် စိုက်ပျိုးထားရှိသော ရော်ဘာ ၆၄ ဧကအတွင်းရှိ ရော်ဘာပင် ၂၁၀၀ မှာ အစေးထုတ်ယူနိုင်ပြီ ဖြစ်သည်။

အဆိုပါစိုက်ခင်းမှ ဒီဇင်ဘာလအတွင်း ရော်ဘာပင်အစေး ၂၀၀၀ ပေါင် ထုတ်ယူနိုင်ပြီဖြစ်ပြီး တစ်ရက်လျှင်ပျမ်းမျှ ၆၄ ဒသမ ၈ ပေါင်ခန့်ရရှိနေပြီဖြစ်သည်။

ခန္တီးခရိုင်အတွင်း ရော်ဘာစိုက်ပျိုးထားရှိမှုမှာ ဖောင်ဆိုင်ကျေးရွာအုပ်စုတွင် ၃၁ ဧက၊ အရှေ့ကောက်တောင်းကျေးရွာအုပ်စုတွင် သုံးဧက၊ အောင်မြေကျေးရွာအုပ်စုတွင် ၁၄ ဧက၊ ကင်းတော်ကျေးရွာအုပ်စုတွင် ၆၆ ဧက စုစုပေါင်း ၂၄၁ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။ တောင်ပေါ်ဒေသတွင် ရော်ဘာစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းခြင်းကြောင့် ဒေသခံပြည်သူများစိုက်ပျိုးရန် ဆန္ဒရှိကြကြောင်း သိရသည်။

**ချန်လော(ခန္တီး)**

# ငွေချည် (၉)ချည်မျှင်ရှည်ဝါ မျိုးသန့်ပွားများထားရှိမှု တောင်သူပညာပေး ကွင်းသရုပ်ပြ

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ရွာသစ်ကွင်း ကွင်းအမှတ် ၃၇၉ (ဂ)တောင်သူ ဦးသိန်းဝင်း၏ ငွေချည်(၉) ချည်မျှင်ရှည်ဝါ ငါးဧကစိုက်ခင်းတွင် စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)က ကြီးမှူး၍ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲ (Field day) ပြသခြင်းကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ တောင်သူ ၁၅၀ နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ )မှ တိုင်းဦးစီးမှူး ဒေါ်ခင်မာနုက တောင်သူအကျိုးများစေမည့် စိုက်ပျိုးနည်းစနစ် အပါအဝင် ငွေချည်(၉)ဝါ မျိုးသစ်ကို မျိုးပြောင်းလဲ စိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍမှဆောင်ရွက်ပေးလျက်ရှိသော အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။




ဆက်လက်၍ စိုက်ပျိုးရေးဌာန (စက်မှုသီးနှံ)မှ မြို့နယ်ဦးစီးမှူး ဦးစိုးတင့်က ငွေချည်(၉)ဝါ ၏ အရည်အချင်း၊ လက္ခဏာများ၊ ရေမြေဒေသကိုက်ညီမှု၊ တစ်ဧက ပိဿာ ၁၂၀၀ ကျော် ထွက်ရှိနိုင်မှု အခြေအနေများကို စိုက်ပျိုးထားသည့် ဝါစိုက်ခင်းအားပြသ၍ ရှင်းလင်း ဆွေးနွေးပြီး တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည့် အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ဒီဇင်ဘာ ၁၈ ရက်က စမ်းချောင်း အထက (၄)တွင်ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆင့်၊ မြို့နယ်ပညာရေးမှူး ဒေါ်ထွေးရင်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ဝင်းဝင်းဌေးတို့က ပြခန်းများကို ကြည့်ရှုစဉ်။**

တင်ဝင်းလေး(ကြည့်မြင်တိုင်)



# နမ့်ခမ်း၊ မန်တုံ၊ နမ္မတူနှင့် ကောလင်းရုပ်သံထပ်ဆင့်လွှင့် စက်ရုံများမှဒီဂျစ်တယ်စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Analogue စနစ်မှ ဒီဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်တွင် စက်ရုံလေးရုံကို လည်းကောင်း၊ ဒုတိယအဆင့်တွင် စက်ရုံ ၂၂ ရုံကိုလည်းကောင်း၊ တတိယအဆင့်တွင် စက်ရုံ ၆၉ ရုံကိုလည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စတုတ္ထအဆင့် ဆောင်ရွက်သွားမည့်ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၅၀ အနက် နမ့်ခမ်းစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို ၁၄-၁၁-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၆-၁၁-၂၀၁၅ ရက်နေ့တွင်ပြီးစီးခဲ့ပြီး၄င်းရက်နေ့မှစတင်၍လွှင့်အား 50 W၊ လိုင်းနံပါတ်ချယ်နယ် (E-22) ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်မှ လည်းကောင်း၊ စက်ရုံ၏အရှေ့ဘက်တွင် မန်ကန်ကျေးရွာအထိလည်းကောင်း၊ အနောက်ဘက်တွင် ဟန်ကမ်းကျေးရွာအထိလည်းကောင်း၊ တောင်ဘက်တွင် မန်စပ်ကျေးရွာအထိ လည်းကောင်း၊ မြောက်ဘက်တွင် ဟိုဆိုင်းကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပြီ ဖြစ်သည်။

မန်တုံစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၂၆-၁၁-၂၀၁၆ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၈-၁၁-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး ၂၉-၁၁-၂၀၁၅ ရက်နေ့မှစတင်၍ လွှင့်အား 50 W၊ လိုင်းနံပါတ် (E-21) ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို မြို့ပေါ်ရပ်ကွက် ၃ ရပ်ကွက်မှလည်းကောင်း၊ စက်ရုံ၏အရှေ့ဘက်တွင် တော်မော်၊ ဟိုချက်၊ မန်ပတ်ကျေးရွာများအထိလည်းကောင်း၊ အနောက်ဘက်မော်လုံ၊ ပန်ဖိုင်၊ မော်နွံ့ကျေးရွာများအထိလည်းကောင်း၊ တောင်ဘက်တွင် မန်ပွန်း၊ မန်ကောင်၊ နမ့်ရမ်း၊ မန်မောက်ကျေးရွာများအထိလည်းကောင်း၊ မြောက်ဘက် လောက်ကျယ်၊ အူမန်၊ ပန်ခါးလေး၊ ပန်းခါးကြီးကျေးရွာများအထိ လည်း ကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပြီဖြစ်သည်။

နမ္မတူစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၅-၁၂-၂၀၁၅ ရက်နေ့မှစတင်ဆောင်ရွက်ခဲ့ရာ ၆-၁၂-၂၀၁၅ ရက်နေ့တွင်ပြီးစီးခဲ့ပြီး ၄င်းရက်နေ့မှစတင်၍ လွှင့်အား 100 W၊ လိုင်းနံပါတ်(F-22)ဖြင့်ဒီဂျစ်တယ်ရုပ်သံလိုင်းများစမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို မြို့ပေါ်ရပ်ကွက် ၁၈ ရပ်ကွက်မှလည်းကောင်း၊ စက်ရုံ၏အရှေ့တောင်ဘက်တွင် ခိုဖိတ်၊ ဟာလင်၊ ပန်ဟိုက်ကျေးရွာများအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

ကောလင်းစက်ရုံတွင် DVB-T2လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၇-၁၂-၂၀၁၅ ရက်နေ့မှစတင်ဆောင်ရွက်ခဲ့ရာ ၉-၁၂-၂၀၁၅ ရက်နေ့တွင်ပြီးစီးခဲ့ပြီး ၁၀-၁၂-၂၀၁၅ ရက်မှစတင်၍ လွှင့်အား 50 W၊ လိုင်းနံပါတ် (E-21) ဖြင့် ဒီဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါ ထုတ်လွှင့်မှုကို စက်ရုံ၏အရှေ့ဘက် မြေနီကျေးရွာအထိလည်းကောင်း၊ အနောက်ဘက်တွင် ရေကံသာ၊ လွဲမောက်တောင်ကျေးရွာများအထိလည်းကောင်း၊ တောင်ဘက်တွင် ဝါးရိုးခုံကျေးရွာအထိ လည်းကောင်း၊ မြောက်ဘက်တွင် ကြာအင်းကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

စတုတ္ထအဆင့်စက်ရုံ ၅၀ အနက် စက်ရုံကိုးရုံမှ ဒီဂျစ်တယ်စနစ် (DVB -T2) ဖြင့် ထုတ်လွှင့်လျက်ရှိပြီး ကျန်ရှိသည့် စက်ရုံများတွင် လွှင့်စက်ပစ္စည်းများ တပ်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိဘပြည်သူများအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော MRTV Digital စနစ်၊ DVB-T2 ဖြင့် ထုတ်လွှင့်သော ရုပ်သံလိုင်းများအား သက်ဆိုင်ရာရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများမှ ဖမ်းယူကြည့်ရှုရာတွင် DVB-T2 Set-top Box ၊ DVB-T2 Tuner ပါ ရုပ်မြင်သံကြားဖမ်းစက်များဖြင့် ဖမ်းယူကြည့်ရှုရမည်ဖြစ်ပါသည်။ ဒီဂျစ်တယ်ရုပ်မြင်သံကြားလိုင်းများဖမ်းယူရာတွင် Antenna ကို စက်ရုံတည်ရှိရာအရပ်သို့ ဦးတည်၍ အမြင့်တစ်နေရာတွင် ခိုင်ခံ့စွာ တပ်ဆင်ရပါမည်။ ယင်းနောက် Set-top Box၊ DVB-T2 Digital TV တို့ရှိက iRemote ပါ ခလုတ်များမှ Menu ကို နှိပ်၍ Installation သို့ သွားရပါမည်။ ယင်းနောက် Channel Search တွင် ဘေးမြားနှိပ်၍ ခေတ္တစောင့်ပါ။ Progress Page တွင် မိမိတို့နေထိုင်ရာဒေသတွင်ရှိ အခမဲ့ထုတ်လွှင့်သော DVB-T2 Digital ရုပ်သံလိုင်းများ၊ ရေဒီယိုလိုင်းများ ဖမ်းယူရရှိပါမည်။ ယင်းနောက် Exit ခလုတ်နှိပ်၍ မိမိနှစ်သက်ရာ ရုပ်သံလိုင်းများ ဖမ်းယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မြောက်ဥက္ကလာပဆေးရုံကြီးဝင်းအတွင်း၌ ခုတင် ၄၃၀ ဆံ့ တော်ဝင်အထူးကုသဆောင်သစ်ဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြောက်ဥက္ကလာပ ဆေးရုံကြီးဝင်းအတွင်း၌ ခုတင် ၄၃၀ ဆံ့ တော်ဝင် အထူးကုသဆောင်သစ်ကို လူနာရှင်ပြည်သူများအတွက် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ငွေကျပ်သိန်းပေါင်း ၅၅၀၀၀ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းသော တော်ဝင် အထူးကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက မြောက်ဥက္ကလာပ ဆေးရုံကြီးဝင်းအတွင်း၌ ကျင်းပရာ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်၊ ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ တော်ဝင်မိသားစုကုမ္ပဏီမှ စီအီးအို ဒေါ်ဝတ်ရည်ထွေးတို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။



ခုတင် ၄၃၀ ဆံ့ တော်ဝင်အထူးကုသဆောင်

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်က "ကျွန်တော်တို့ နိုင်ငံမှာက ကူးစက်တတ်တဲ့ ရောဂါတွေထက်စာရင် မကူးစက်တတ်တဲ့ ရောဂါတွေက ပိုများလာပါတယ်။ နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်း ရောဂါတွေဟာ ပိုအဖြစ်များလာတာပါ။ အခု မြောက်ဥက္ကလာပ ဆေးရုံကြီးဝင်းအတွင်း ခြောက်ထပ်ဆောင်ကြီး ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် နှလုံးနဲ့ သွေးကြောဆောင် သီးခြားပါဝင် လာတော့မှာပါ။ လူနာတွေလည်း များပြားလာတော့ ဝန် ဆောင်မှုလည်း အများဆုံးပေးနိုင်မှာပါ။ ဆေးရုံရဲ့ ထူးခြားချက်က ခေတ်မီခွဲစိတ်ခန်းတွေ၊ နှလုံးသွေးကြောနဲ့ သက်ဆိုင်တဲ့ရောဂါရှာဖွေရေးနဲ့ ကုသရေးဌာနတွေ ပါဝင်လာတဲ့အတွက် ကုသမှုတွေကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်တော့မှာပါ" ဟု ပြောကြားသည်။

ဆေးရုံအဆောင်သစ် မြေညီထပ်၌ အထူးကု ပြင်ပလူနာဌာန၊ အရေးပေါ် ဆေးကုသမှုများအနေဖြင့် ကျောက်ကပ်ရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်း ရောဂါများအတွက် ကုသရန် စီစဉ်ထားပြီး ပထမထပ်၌ နှလုံးခွဲစိတ်ဆောင်နှင့် နှလုံးခွဲစိတ်ခန်းကို ထားရှိမည်ဖြစ်သည်။ ဒုတိယထပ်၌ CATHLAB (နှလုံးရောဂါနှင့် ပတ်သက်သည့် ဆေးကုသမှုများ)နှင့် CCU (နှလုံးအထူးကြပ်မတ်ဆောင်) များ ထားရှိမည်ဖြစ်ပြီး တတိယထပ်၌ နှလုံးဆေးကုသဆောင်နှင့် ရင်ခေါင်းဆေး ကုသဆောင်ထားရှိမည်ဖြစ်ကာအပေါ်ဆုံးထပ်၌ သွေးရောဂါကုဌာနနှင့် သွေးကင်ဆာရောဂါအတွက် ရိုးတွင်းခြင်ဆီ အစားထိုးရောဂါကုဌာန ထားရှိမည်ဖြစ်သည်။ ယခင်သီတာဆောင်မှ သွေးရောဂါကုဌာနနှင့် နှလုံးရောဂါကုဌာနတို့ကို တော်ဝင်အထူးကုသဆောင်သစ်၌ ထားရှိမည်ဖြစ်ပြီး သီတာဆောင်၌ အခြားရောဂါကုဌာနများကို ထားရှိမည်ဖြစ်သည်။

တော်ဝင် အထူးကုသဆောင်သစ်၌ တက်ရောက်ကုသနေသော သယ်န်းကျွန်းမြို့နယ်နေ ဒေါ်တင်ကြည်က " ကျွန်မရဲ့ ကျန်းမာရေးကတော့ နှလုံးအပေါက်ကျယ်လို့လာရောက်ကုသတာပါ၊ ဆေးရုံတက်နေတာကတော့ တစ်ပတ်ရှိပါပြီ၊ နှလုံးခွဲစိတ်ဖို့စောင့်နေတာပါ၊ ရှေ့အပတ်လောက် ခွဲစိတ်မယ်လို့တော့ ဆရာဝန်က ပြောပါတယ်။ ဒီအဆောင်သစ်ကိုမနေ့ကပဲ ဟိုဘက်အဆောင်ကနေ ပြောင်းလာတာပါ၊ ဒီမှာနေရတာ အများကြီးအဆင်ပြေပါတယ်။ စားရသောက်ရတာလည်း အဆင်ပြေတယ်" ဟု ပြောသည်။

မြောက်ဥက္ကလာပ ဆေးရုံကြီးအတွင်း ပင်မဆေးကုသဆောင် စုစုပေါင်း ရှစ်ဆောင်ရှိကာ ရုံးခန်းအပါအဝင် အဆောင်ကိုးဆောင်ရှိကြောင်း သိရပြီး သီတာဆောင်နှင့် တော်ဝင် အထူးကုသဆောင်သစ်လည်း ပါဝင်လာမည်ဖြစ်သည်။ ဆေးရုံကြီး၌ နေ့စဉ် အတွင်းလူနာဦးရေ ၉၀၀ ကျော်ရှိပြီး ပြင်ပလူနာ ၆၀၀ ကျော် ရှိကြောင်း၊ ယမန်နှစ်က နေ့စဉ် အတွင်းလူနာဦးရေ ၇၀၀ ကျော်နှင့် ပြင်ပလူနာ ၅၀၀ ဝန်းကျင်သာရှိခဲ့သဖြင့် လာရောက်ကုသကြသည့် လူနာဦးရေမှာ ယခု ပိုမိုများပြားလာကြောင်း၊ တော်ဝင်အထူးကုသဆောင်သစ်ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလက စတင်ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**သတင်း-စိုးဝင်း(SP)**
**ဓာတ်ပုံ-တင်စိုး**
**(မြန်မာ့အလင်း)**

# IKBZ အာမခံလုပ်ငန်း အကောင်းဆုံးပုဂ္ဂလိကအသက်အာမခံလုပ်ငန်းဆု ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂၀

**အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် World Finance အဖွဲ့အစည်းက ၂၀၁၅ ခုနှစ်အတွက် မြန်မာနိုင်ငံ အကောင်းဆုံး ပုဂ္ဂလိက အသက်အာမခံလုပ်ငန်းဆုနှင့် အကောင်းဆုံး ပုဂ္ဂလိကအထွေထွေ အာမခံလုပ်ငန်းဆုများကို မြန်မာနိုင်ငံမှ IKBZ အာမခံလုပ်ငန်းကို ရွေးချယ်ချီးမြှင့်ခဲ့သည်။**

အကောင်းဆုံးအာမခံဆုများ ပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်က London Stock Exchange ၌ ကျင်းပခဲ့ရာ ကမ္ဘောဇကုမ္ပဏီများအုပ်စုနာယက ဦးအောင်ကိုဝင်း၊ IKBZ အာမခံလုပ်ငန်းဥက္ကဋ္ဌ ဒေါ်နန်းခမ်းနောင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

World Finance အဖွဲ့အစည်းမှ IKBZ အာမခံလုပ်ငန်းအား အကောင်းဆုံး အာမခံလုပ်ငန်းဆုများချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ဖော်ပြရာတွင် ကမ္ဘာ့အာမခံသမိုင်းတွင် လွန်ခဲ့သည့် ငါးနှစ်တာ ကာလအတွင်း ကမ္ဘာတစ်ဝန်းရှိ အာမခံလုပ်ငန်းများ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲမှုများ တိုးတက်လုပ်ဆောင်လာကြကြောင်း၊ ယင်းကဲ့သို့ တိုးတက်လုပ်ဆောင်လာကြသော အာမခံလုပ်ငန်းများအနက် ၂၀၁၅ ခုနှစ်အတွက် နိုင်ငံအလိုက် အကောင်းဆုံး အာမခံအဖွဲ့အစည်းများကို ရွေးချယ်ဆုချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ ယင်းတို့အနက် မြန်မာနိုင်ငံမှ IKBZ အာမခံလုပ်ငန်းသည် လွန်ခဲ့သည့် သုံးနှစ်ကာလအတွင်း တိုးတက်လုပ်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်က ဖွဲ့စည်းပေးထားသော အာမခံလုပ်ငန်း မူဝါဒကြီးကြပ်ရေးအဖွဲ့၏ ညွှန်ကြားမှုနှင့်အညီ ဆောင်ရွက်ခဲ့ရာ ပုဂ္ဂလိကအာမခံလုပ်ငန်းဈေးကွက်၏ ၃၅ ရာခိုင်နှုန်းကျော်ရရှိပြီး ပုဂ္ဂလိကအာမခံလုပ်ငန်းများအနက် အာမခံပရီမီယံငွေ အများဆုံးရရှိခဲ့ကြောင်း၊ အာမခံလျော်ကြေးငွေများ ထုတ်ပေးရာတွင်လည်း အချိန်နှင့်တစ်ပြေးညီ လျော်ကြေးငွေများကို အမြန်ဆုံးထုတ်ပေးနိုင်သည့်အတွက် ပြည်သူများက ပုဂ္ဂလိကအာမခံလုပ်ငန်းများကို ပိုမိုယုံကြည်လာစေခဲ့ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်အတွက် နိုင်ငံအလိုက် အာမခံလုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆုများကို တောင်ကိုရီးယားနိုင်ငံမှ SAMSUNG နှင့် Hanwha (Life)၊ မလေးရှားနိုင်ငံမှ MSIG Insurance နှင့် AIA (Life)၊ ဟောင်ကောင်နိုင်ငံမှ AXA General Insurance နှင့် HSBC Insurance (Life) အပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၅၈ နိုင်ငံမှ အာမခံကုမ္ပဏီများက ရရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# အင်းများအတွင်း စွန့်ပစ်ရေဆိုးများဝင်ရောက်မှုမရှိစေရေး စစ်ဆေး

**ရေတာရှည် ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အောင်ချမ်းသာကျေးရွာအရှေ့ဘက်ရှိ ငါးဂရန်အင်းများအတွင်းသို့ အမှတ်(၆) သကြားစက်မှ စွန့်ပစ်ရေဆိုးများ နှစ်စဉ်ဝင်ရောက်ခြင်းကြောင့် ငါးသယံဇာတလျော့နည်းလာသည့်အတွက် ဒီဇင်ဘာ ၁၉ ရက်က တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးသက်အေးနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

နှစ်စဉ်အခွန်ဆောင်၍ လုပ်ကိုင်နေရသော အဆိုပါအင်း၌ တစ်နှစ်ထက်တစ်နှစ် ငါးဖမ်းဆီးမှု လျော့ကျလာခြင်းနှင့် စက်ရုံမှရေသန့်စနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် အင်းဂရန်လုပ်ငန်းများနှင့် စစ်တောင်းမြစ်အတွင်းသို့ စီးဝင်ရာတွင် သားငါးကဏ္ဍကို ထိခိုက်မှုလျော့ပါးသွားနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။ ငါးသယံဇာတဖွံ့ဖြိုးရေးဆောင်ရွက်သည့်အခါ တရားမဝင်ရှော့တိုက်ငါးဖမ်းဆီးခြင်းနှင့် ကွန်ကျင်စက်အသုံးပြုခြင်းများသည် ကြီးမားသော အဟန့်အတားများဖြစ်၍ ထိရောက်စွာဆောင်ရွက်သင့်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်

**သီပေါ ဒီဇင်ဘာ ၂၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် တစ်ပိုင်တစ်နိုင်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ရေလုပ်ငန်းများ၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများနှင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများ၊ အသေးစားရောင်းဝယ်ရေးလုပ်ငန်းများနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများစသည့် လုပ်ငန်းအမျိုးအစား ခုနစ်မျိုးဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ၉၄ ရွာ ပါဝင်သော နောင်ချိုမြို့နယ် ဆီဆုံအုပ်စု ပလောင်ချောင်းကျေးရွာ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးထားသည့် စပါး၊ ပြောင်းစိုက်ခင်းများ၊ မွေးမြူရေးလုပ်ငန်းဖြစ်သော ပိုးမွေးမြူရေး၊ ဝက်မွေးမြူရေး စသည့်လုပ်ငန်းများကို ဒီဇင်ဘာ ၁၉ ရက်က ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်သာထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရေဘေးသင့် မူလတန်းကျောင်း ခြံစည်းရိုး၊ အုတ်တံတိုင်းများ ပြန်လည်ပြုပြင်

**ပွင့်ဖြူ ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ဇူလိုင်လနှင့် စက်တင်ဘာလအတွင်းက မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပွင့်ဖြူတစ်မြို့လုံး မုန်းချောင်းရေကြီးရေလျှံသဖြင့် နှစ် ၇၀ အတွင်း အဆိုးဆုံး ကြုံတွေ့ခဲ့ရသည်။

ယင်းရေကြီးရေလျှံမှုကြောင့် ပွင့်ဖြူမြို့ အလယ်ပိုင်းရပ်ကွက် အမှတ်(၁)မူလတန်းကျောင်းရှိ ခြံစည်းရိုးအုတ်တံတိုင်းများ ပြိုကျပျက်စီးသွားခဲ့သည်။ ပြိုကျပျက်စီးသွားသော အုတ်တံတိုင်း (၈ × ၆)ပေရှိ အခန်း ၁၄ ခန်းနှင့် ကွန်ကရစ်တိုင် ချိန်းလိပ်သံကြိုးကာရံသော ခြံစည်းရိုးအခန်း ၃၀ အတွက် ကုန်ကျငွေကျပ်သိန်း ၂၀ ခန့်ကို ရွှေပါရမီတက်လမ်းဆောက်လုပ်ရေးဖောင်ဒေးရှင်းက ဒီဇင်ဘာ ၁၇ ရက်က ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်မောင်ဌေး(ပွင့်ဖြူ)**

# ခရီးသည်ယာဉ်ကုန်းအတက်၌ နောက်ပြန်လျှောကျ တိမ်းမှောက်မှုဖြစ်ပွား

**ဆိပ်ဖြူ ဒီဇင်ဘာ ၂၀**

ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ဆိပ်ဖြူ-ဆောကားလမ်း မိုင်တိုင်အမှတ် ၁၉/၅ နှင့် ၁၉/ ၆ အကြား သပြေကျေးရွာအနီးတွင် ဒီဇင်ဘာ ၁၈ ရက် ညနေက ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားရာ ကဇွန်းမနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ညောင်ဦးမြို့နယ် မီးလောင်ဖျားမြောက်ကျေးရွာနေ ရွှေမောင် (၂၇နှစ်) မောင်းနှင်လာသည့် ရွှေနံ့သာ ခရီးသည်တင် 2B / ------- ဒိုင်နာယာဉ်သည် ချောက်မြို့မှ ကဇွန်းမကျေးရွာသို့အသွား ကုန်းအတက်တွင် နောက်ပြန်လျှောကျပြီးကန့်လန့်ဖြတ် တိမ်းမှောက်ကာ ယာဉ်ပေါ်လိုက်ပါလာသူ ဆိပ်ဖြူမြို့နယ် ဖက်တဲရွာနေ ဦးဟံမြင့် (၃၈နှစ်)ပါ အမျိုးသားတစ်ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၁၂ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်းရွှေမောင်ကို ဆိပ်ဖြူမြို့နယ် ကဇွန်းမနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။ **မောင်ညီညာ(မြေလတ်)**



# ထားဝယ်-ရန်ကုန်ရထား ဘရိတ်တွဲချော်မှုဖြစ်

**ထားဝယ် ဒီဇင်ဘာ ၂၀**

ထားဝယ်မြို့ဘက်မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော အမှတ် ၁၇၆ အစုန် ထားဝယ်-ရန်ကုန်ရထားမှာ ဒီဇင်ဘာ ၁၈ ရက် ညနေ ၃ နာရီ ၅ မိနစ်က ရေးမြို့နယ် အဘော်ကျေးရွာအုပ်စု ပလိုင်ကီးဘူတာအထွက် မိုင်တိုင်အမှတ်(၂၆၀/၂၀)နှင့် (၂၆၀/၂၁)ကြားအရောက်တွင် ရထားဘရိတ်တွဲချော်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ရထားစက်ခေါင်းအမှတ်(DD-973)အား စက်ခေါင်းမောင်း ဦးမြင့်စိုး မောင်းနှင်ပြီး ရေးဘူတာမှ မော်လမြိုင်ဘက်သို့ ထွက်ခွာလာရာ ပလိုင်ကီးဘူတာအနီး၌ ရထားဘရိတ်တွဲ ဝဲဘက်ခြမ်းဘီး အမှတ် ၃ မှာ သံလမ်းအပြင်ဘက် ဝဲဘက်ခြမ်းသို့ လည်းကောင်း၊ ရထားတွဲ ယာဘက်ခြမ်းဘီးအမှတ် ၆ မှာ သံလမ်းအပြင် ယာဘက်ခြမ်းသို့ လည်းကောင်း ဘီးချော်ခဲ့သည်။ ခရီးသည်နှင့်ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ လမ်းချော်မှု ဖြစ်ပွားရာသို့ တာဝန်ရှိသူများနှင့်အတူ မြန်မာ့မီးရထား တိုင်း(၈)(ရေး)မှ ဦးမျိုးဝင်းညွန့် အငယ်တန်းအင်ဂျင်နီယာမှူး (မြို့ပြ)နှင့် အဖွဲ့က ရထားဘရိတ်တွဲဘီး အား မတင်နိုင်ခဲ့ပြီး ည ၆ နာရီတွင် မော်လမြိုင်ဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**



# ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့၌ မီးလောင်မှုဖြစ်ပွား

**လပွတ္တာ ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ အမှတ်(၇)ရပ်ကွက်တွင် ဒီဇင်ဘာ ၂၀ ရက် နံနက် ၄ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လပွတ္တာမြို့ အမှတ်(၇)ရပ်ကွက် နန္ဒဝန်(၁)လမ်းတွင် နေထိုင်သော ဦးထွန်းသာ (၇၇ နှစ်)၏နေအိမ် မီးလောင်မှုဖြစ်ပွားနေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ အရန်မီးသတ်တပ်ဖွဲ့မှ တပ်စုမှူး ဦးဇော်လတ်၊ မြို့နယ်မီးသတ်စခန်းမှ ဟီးနိုးမီးငြိမ်းသတ်ယာဉ်၊ ဒေါင်ဖန်းမီးငြိမ်းသတ်ယာဉ်သုံးစီး၊ ရေစည်ဒိန်းဒေါင်းယာဉ်တို့နှင့်အတူ သန္ဓေတပ်ဖွဲ့ဝင် ၁၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီခွဲတွင် မီးညွှန့်ကျိုးသွားပြီး နံနက် ၄ နာရီ ၄၅ မိနစ်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးစတင်လောင်ကျွမ်းခဲ့သည့် အိမ်ရှင် ဦးထွန်းသာအား မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းကျော်မြင့်(လပွတ္တာ)**

# ကုန်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

**တပ်ကုန်း ဒီဇင်ဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် တပ်ကုန်း-ပုဗ္ဗသီရိကားလမ်း၌ ဒီဇင်ဘာ ၁၇ ရက်က ကုန်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွား၍ ယာဉ်တစ်စီးတိမ်းမှောက်ပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နံနက် ၃နာရီခွဲတွင် တပ်ကုန်း-ပုဗ္ဗသီရိလမ်း မိုင်တိုင်အမှတ် (၁၀/၅)နှင့်(၁၀/၆)အကြားတွင် တပ်ကုန်းဘက်မှ ပုဗ္ဗသီရိဘက်သို့ ယာဉ်မောင်း ကိုကိုမောင်(၂၃)နှစ် မန္တလေးမြို့မောင်းနှင်လာသော ဟီးနိုးတီအီးခြောက်ဘီး ကုန်တင်ယာဉ်နှင့် မျက်နှာချင်းဆိုင်မှ ယာဉ်မောင်း မောင်နိုင် (၃၅)နှစ် ပျော်ဘွယ်မြို့ မောင်းနှင်လာသော ဖူဆိုခြောက်ဘီးကုန်တင်ယာဉ်တို့ လမ်းအလယ်တွင် မျက်နှာချင်းဆိုင်တိုက်မိ၍ ဖူဆိုကုန်တင်ယာဉ်မှာ လမ်းဝဲဘက်ခြမ်းသို့ တိမ်းမှောက်သွားပြီး ယာဉ်မောင်း မောင်နိုင်မှာ ဒဏ်ရာအနည်းငယ်ရရှိသွားကြောင်း သိရသည်။

တပ်ကုန်း-ပုဗ္ဗသီရိလမ်းသည် လမ်းကျဉ်းဖြစ်သဖြင့် ကုန်ကားကြီးများ မောင်းနှင်ခွင့်မပြုသော်လည်း ရန်ကုန်-မန္တလေး လမ်းဟောင်းမှ တိုးဂိတ်ကို ရှောင်ကွင်းပြီး မောင်းနှင်နေကြသဖြင့် လမ်းများပျက်စီးခြင်း၊ မကြာခဏ ယာဉ်တိုက်မှုများဖြစ်ပွားနေခြင်းတို့ကြောင့် ကုန်ကားကြီးများ တရားမဝင်မောင်းနှင်နေခြင်းအား သက်ဆိုင်ရာမှတားမြစ်ပေးစေလိုကြောင်း ယာဉ်မောင်းတစ်ဦးက ပြောသည်။ **(၀၂၁)**

# စလင်းမြို့နယ်၌ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်

**စလင်း ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် လက်ပန်ကျင်းကျေးရွာ၌ ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က ဒေါ်တင်အေး (၆၀နှစ်)သည် ထမင်းချက်ပြီးထားခဲ့သည့် မီးကြွင်းမီးကျန်မှတစ်ဆင့် စတင်လောင်ကျွမ်းသဖြင့် စလင်းမီးသတ်တပ်ဖွဲ့မှ မီးသတ်ဦးစီးမှူး ဦးငွေမော် ဦးစီးသော မီးသတ်ယာဉ်လေးစီး သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီခန့်တွင် မီးငြိမ်းသွားသည်။ မီးကိုပေါ့ဆစွာသုံးစွဲခဲ့သည့် ဒေါ်တင်အေးကို စလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ် အလုံး ၂၀၊ နွားတင်းကုတ် ၁၀ လုံး လောင်ကျွမ်းခဲ့ရာ လူဦးရေ ၆၈ ဦး မီးဘေးဒုက္ခရောက်ခဲ့ကြရသည်။ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ပရဟိတအဖွဲ့များက မီးဘေးသင့်ဒုက္ခသည်များအား ထမင်းထုပ်များ၊ စောင်နှင့် မီးဖိုချောင်သုံးပစ္စည်းများကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**


ရွှေကြေးစည် မှ ကျိုက်ထီးရိုး (နေ့စဉ်-နံနက်/ည)
▲ အလောင်းတော်ကဿပ၊ မုံရွာအနီး၊ စစ်ကိုင်း(သီးသန့်) ဆက်၍- မန္တလေး၊ ပြင်ဦးလွင်အနီး
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းလိုဏ်ဂူ
▲ ဆက်၍-(မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ ကျောက်စိမ်းဘုရား)
▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်
▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား
▲ ကျိုက္ခမီ၊ မော်လမြိုင်၊ စက်စဲ၊ နွားလပို့တောင်-(ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
▲ (သာမည-မြဝတီ-မဲဆောက်)(အကောက်တောင်)(ဇလွန်)(နေပြည်တော်)
သောကြာ Dec 24 Jan 1
ပန်းဆိုးတန်း ☎01-240860/01-372290 ဒေါပုံ 09-49282825 ကမာကြည် 09421029191


**မွန်ပြည်နယ်၊ လမ်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**
**(၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်၊ ပြည်နယ်/ပြည်ထောင်စုရန်ပုံငွေဖြင့်**
**ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်/ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လမ်းခင်းပစ္စည်းများဝယ်ယူရန် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လိုအပ်သောစက်/ယာဉ်ယန္တရားများ ငှားရမ်းခြင်းအတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) **တင်ဒါဝယ်ယူနိုင်သည့်ရက်** - ၂၁-၁၂-၂၀၁၅ ရက် (တနင်္လာနေ့)
**နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊

(ခ) **တင်ဒါလျှောက်လွှာပိတ်/ဖွင့်မည့် နေ့ရက်/အချိန်/နေရာ** - ၆-၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၅၇-၂၄၈၀၈**

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် တိုင်းရင်းသားပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ကလေးခရိုင်၊ မင်းကင်းမြို့နယ်၊ လာဘို့-မင်းကင်းလမ်းမိုင် ၁၂/၀.၁၇/၂ကြား(၅မိုင် ၂ဖာလုံ)တောင်ပေါ်လမ်း ၃၄'အကျယ် လမ်းသားချဲ့ခြင်း၊ ၁၆'အကျယ် ၆"ထုမြေနီဂျင်းခင်းကြိတ်ခြင်းလုပ်ငန်း

(ခ) ကလေးခရိုင်၊ မင်းကင်းမြို့နယ်၊ လာဘို့-မင်းကင်းလမ်းမိုင် ၁၉/၁-၂၀/၃အတွင်း မြေသားလမ်း ၁မိုင် ၂ဖာလုံအား ၄'-၀" အကျယ် ၀'-၉"ထု ဘီးလမ်းနှစ်ဖက်ကွန်ကရစ်ခင်းခြင်း၊ ကွန်ကရစ်လမ်းနှစ်ခုအကြား ၂'-၆"အား ဂျင်းမြေဖြင့်ဖို့ကြိတ်ခင်းခြင်းလုပ်ငန်း။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၇၁-၂၃၇၆၄၊ ၀၇၁-၂၂၅၄၁ တို့သို့ ဆက်သွယ်၍သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၁၂-၂၀၁၅ရက်မှစတင်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနတွင် ရောင်းချမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများအတွက် လိုအပ်သော အချက်အလက်ပုံစံတင်ဒါ အာမခံကြေးပေးသွင်းမှုချလန်နှင့် ဈေးနှုန်းများ ပြည့်စုံစွာဖြင့် တင်ဒါစိစစ်ရေးကော်မတီ စစ်ကိုင်းတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ၃၁-၁၂-၂၀၁၅ရက် ညနေ ၄း၀၀နာရီအရောက် တင်ဒါတင်သွင်းနိုင်ပြီး ၁-၁-၂၀၁၆ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၁-၂၃၇၆၄၊ ၀၇၁-၂၂၅၄၁**

❍ *ကျော်ဖုံးမှ*

ရှမ်းယူနိုက်တက်အသင်း တောင်ပံကစားသမား သိန်းသန်းဝင်း၊ ဟံသာဝတီဂိုးသမား ရန်အောင်လင်းနှင့် မြန်မာဘောလုံး အကယ်ဒမီမှ မြန်မာယူ-၂၁ နောက်ခံလူ ရဲရင့်အောင်တို့ကို ခေါ်ယူထားသည်။ ၂၀၁၅ ရာသီက အသုံးပြုခဲ့သည့် ပြည်တွင်းကစားသမားများထဲမှ သီဟစည်သူ၊ ဇင်မင်းထွန်း၊ ဒွေးကိုကိုချစ် စသည့် ကစားသမားများ ထွက်ခွာသွားသည်။

ရတနာပုံအသင်း၏ ပြင်ဆင်မှုများနှင့်ပတ်သက်၍ အသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်းက "ရတနာပုံအနေနဲ့ ၂၀၁၅ ရာသီတုန်းက ပထမအကျော့မှာ အမှတ်တွေအရနည်းခဲ့ပါတယ်။ နည်းပြအပြောင်းအလဲပြုလုပ်ပြီး အသင်းကိုပြင်ဆင်မှုတွေ ပြန်လည်ပြုလုပ်ခဲ့တာကြောင့် ဒုတိယနေရာရခဲ့တာပါ။ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှီး/ထွက်ပြိုင်ပွဲမှာတော့ ချန်ပီယံဆုနဲ့ လွဲချော်ခဲ့ရတဲ့အတွက် အလွန်ကိုအံ့ဩရပါတယ်။ ဒုတိယသာရခဲ့တဲ့အတွက် စိတ်မကောင်းဖြစ်ရပါတယ်။ ဒီရာသီမှာတော့ ချန်ပီယံအောင်မြင်မှုတွေရရှိဖို့ ပြင်ဆင်မှုတွေပြုလုပ်နေပါတယ်။ ပြည်တွင်းကစားသမားတွေ ခေါ်ယူထားသလို နိုင်ငံခြားသားလည်း အပြည့်ခေါ်ယူသွားမှာပါ။ နည်းပြရီနေးအပေါ် ယုံကြည်မှုအပြည့်ရှိတာကြောင့် လာမယ့်ရာသီမှာ ဆက်လက်အသုံးပြုမှာဖြစ်ပြီး သူ့အနေနဲ့ လူငယ်ကစားသမားတွေ ဦးစားပေးတာက အသင်းရဲ့ရေရှည်အတွက် ကောင်းပါတယ်။ ကျွန်တော်တို့အနေနဲ့ ငွေကြေးသုံးစွဲမှုတွေကို လျှော့ချမှာ မဟုတ်ပေမယ့် မလိုလားအပ်တဲ့ အသုံးစရိတ်တွေကို လျှော့ချမှာပါ။ အသင်းအောင်မြင်ဖို့အတွက် စည်းကမ်းပိုင်းကို ဦးစားပေးလုပ်ဆောင်မှာဖြစ်ပြီး လာမယ့်ရာသီတွေကိုလည်း စည်းကမ်းပိုင်းတင်းကျပ်သွားမှာပါ။ မန္တလေးမြို့က လူငယ်ဘောလုံးသမားတွေ ထွက်ပေါ်လာဖို့အတွက် ပလိပ်မြို့မှာဘောလုံးအကယ်ဒမီ တည်ဆောက်သွားဖို့ရှိပါတယ်။ မြန်မာ့ဘောလုံးတိုးတက်ဖို့နဲ့ MNL လိဂ်အောင်မြင်ဖို့ဆိုရင် လုပ်ငန်းရှင် ၁၀ ဦးကျော်လောက်နဲ့ လုပ်လို့မရဘဲ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လုပ်ဆောင်မှ ရမှာပါ။ စီးပွားရေး၊ ပညာရေး ဘက်စုံတိုးတက်လာရင် အားကစားလောကတိုးတက်ဖို့အခွင့်အရေးတွေ ထွက်ပေါ်လာနိုင်ပါတယ်" ဟု ပြောကြားခဲ့သည်။ ဒေါက်တာ စိုင်းဆမ်ထွန်းသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူဖြစ်သည်။



ရတနာပုံအသင်းဂိုးသမား ပြည့်လျှံအောင် လေ့ကျင့်နေစဉ်။

✻ *ကျော်ဖုံးမှ*

ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ ပါဝင်သောစက်ဘီးစီးသမား ၁၀၀ စုစုပေါင်း စက်ဘီးစီးသမား ၄၅၀ တို့သည် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ ဝိန်းဖန်းခမ်းရပ်ကွက်ရှိ ယုဝပ်ဝမ်စက်ဘီးကွင်းမှ ဒီဇင်ဘာ ၂၀ ရက်နံနက် ၇ နာရီခွဲတွင် စတင်ထွက်ခွာကြရာ ထိုင်း-မြန်မာ အမှတ်(၁) ချစ်ကြည်ရေးတံတားမှ တာချီလိတ် ဗိုလ်ချုပ်လမ်းမကြီး တစ်လျှောက် မကာဟိုခမ်းရပ်ကွက် ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်သို့ ရောက်ရှိသည်။

ထို့နောက် ရွှေတိဂုံဘုရားရင်ပြင်တော်တွင် စက်ဘီးစီးသမားများအား တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် တာဝန်ရှိသူများ၊ ကျောင်းသူလေးများက ကြိုဆိုကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းနှင့် အားကစားရေးရာ ဝန်ကြီးဌာနမှ ဒုတိယအတွင်းဝန် Ms.Wannasiri Morakun မှ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တာချီလိတ်မြို့နယ်ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ ထိုင်းဘတ်ငွေ ၅၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ရာ မြို့နယ်ပညာရေးမှူး ဦးစိန်ထွန်းလှက လက်ခံရယူသည်။

ဆက်လက်၍ စက်ဘီးသမားများသည် ရွှေတိဂုံရင်ပြင်မှ မယ်ဆိုင်မြို့ ပတ်လမ်းအတိုင်း စက်ဘီးစီးနင်းပြီး ထိုင်းနိုင်ငံမယ်ဆိုင်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ စက်ဘီးစီးသမားများအား အပျော်တမ်းမဲနှိုက်၍ ထိုင်းဘတ်ငွေ ၁၀၀၀၀ တန်ဖိုးရှိ ပြိုင်စက်ဘီးသုံးစီး ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# ၂၀၁၅ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ကျုံးပတ်အပြေးပြိုင်

**မန္တလေး ဒီဇင်ဘာ ၂၀**

၂၀၁၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအဖြစ် ကျုံးပတ်အပြေးပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၆ နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်းအထူးတန်းရှေ့ရှိစုရပ်နေရာ၌ ကျင်းပသည်။

အပြေးပြိုင်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က အချက်ပြသေနတ်ဖောက်၍ စတင်တာထွက်ပေးလိုက်ရာ **(အပေါ်ပုံ)** စုရပ်နေရာတွင် နေရာယူထားကြသည့် မန္တလေးမြို့မှ အား/ကာသိပ္ပံကျောင်းသားကျောင်းသူများ၊ ပညာရေးကောလိပ်၊ အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများ၊ တိုင်းစစ်ဌာနချုပ်တို့မှ အပြေး အားကစားသမားများစုစုပေါင်း ၁၁၆ ဦးတို့က သတ်မှတ် လမ်းကြောင်းအတိုင်း ၂၆ လမ်း၊ လမ်း ၈၀၊ ၁၂ လမ်း၊ ၆၆ လမ်းအတိုင်း ကျုံးတစ်ပတ်ပြေးပွဲဆင်နွှဲခဲ့ကြပြီး ဗထူးကွင်းတွင် ပန်းဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ အေးအေးမြို့၊ ဒုတိယဆုရ သီတာဦး၊ တတိယဆုရ အေးကြွယ်မျိုးနှင့် သတ္တမအဆင့်ထိဆုရရှိသူများကို တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန အား/ကာသိပ္ပံကျောင်းအုပ်ကြီး၊ မန္တလေးပညာရေးကောလိပ်ကျောင်းအုပ်ကြီးတို့က တစ်ဦးချင်းဆုငွေများချီးမြှင့်ကြပြီး အမျိုးသားပြိုင်ပွဲတွင် စတုတ္ထမှ ဒသမအဆင့်ထိနှင့် နှစ်သိမ့်ဆုရသုံးဦးတို့အား တိုင်းဒေသကြီးအားကစားဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူးနှင့်ကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူတို့က တစ်ဦးချင်းဆုငွေများ ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီးက အမျိုးသားပြိုင်ပွဲ ပထမဆုရ ဌေးကြွယ်၊ ဒုတိယဆုရ ရှိုင်းအောင်၊ တတိယဆုရ မိုးဦးတို့ကို ဆုငွေများချီးမြှင့်၍ အသက်အကြီးဆုံး အပြေးအားကစားသမားဆုရ ဦးထိန်လင်း (၆၄ နှစ်)အား ဆုငွေကျပ်ငါးသောင်းနှင့် ပြိုင်ပွဲပန်းဝင်သူများကို ဆုငွေကျပ်ငါးထောင်စီ ဂုဏ်ပြုပေးအပ်ခဲ့ကြောင်းနှင့် ပြိုင်ပွဲဒိုင်အဖြစ် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့၊ ပြေးခုန်ပစ်နှင့် စက်ဘီးဒိုင်အဖွဲ့တို့အား နံနက်စာဖြင့် ကျွေးမွေးဧည့်ခံဂုဏ်ပြုခဲ့ကြောင်း သိရသည်။

**တင်မောင်-မန်းကိုယ်ပွား**

## လီဗာပူးတို့ အဝေးကွင်း၌ ဝက်ဖို့ဒ်ကို ရှုံးနိမ့်

ပရီမီယာလိဂ်ပွဲစဉ်(၁၇)ကို ဒီဇင်ဘာ ၂၀ ရက်က ယှဉ်ပြိုင်ကစားသည့် ဝက်ဖို့ဒ် နှင့် လီဗာပူးတို့ပွဲတွင် ဝက်ဖို့ဒ်က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ပြီးခဲ့သည့် ပွဲစဉ် နယူးကာဆယ်ကို ရှုံးနိမ့်ခဲ့သည့် လီဗာပူးတို့ ယခုပွဲ၌လည်း ထပ်မံ ရှုံးနိမ့်ခဲ့သဖြင့် နည်းပြ ဂျာဂျင်ကလော့ပ်အတွက် ဖိအားဝင်ခဲ့သည်။ ဝက်ဖို့ဒ်တို့က အိမ်ကွင်း၌ လီဗာပူးကို အပြန်အလှန်ကစားခဲ့ပြီး ပွဲချိန်သုံးမိနစ်၌ နသန်အကီ၊ ၁၅ မိနစ်နှင့် ၈၅ မိနစ်တွင် အိုဒီယွန်က သွင်းယူပေးခဲ့သည်။ **သီဟ**

**၁၉-၁၂ ၂၀၁၅ အနိုင်/အရှုံး**

| | | |
|---|---|---|
| မန်ယူ | ၁-၂ | နော့ဝှစ် |
| ချယ်လ်ဆီး | ၃-၁ | ဆန်းဒါးလန်း |
| အဲဗာတန် | ၂-၃ | လက်စတာ |
| စတုတ် | ၁-၂ | ပဲလေ့စ် |
| နယူး | ၁-၁ | ဗီလာ |
| ဝက်စ်ဘရွန်း | ၁-၂ | ဘုန်းမောက် |
| ဆောက်သမ်တန် | ၀-၂ | စပါး |

HG Hawk Group
Sofa Sette (ဆိုဖာဆက်တီ) အဟောင်းများကို ပြုပြင်ပေးပါသည်။
ဖုန်းလေးဆက်လိုက်ရုံပါပဲ ...... အမဲ(၆)လ
Ph: 01-430306, 09-428138891

Kinetic Myanmar Technology Co., Ltd မှ
နေပြည်တော်ရုံးခွဲအတွက် ဝန်ထမ်းအလိုရှိသည်
Telecom Engineer, Power Engineer, Telecom Project Assistant — Male (20) Posts
(B.E, B-Tech, AGTI (EC, EP, Mechatronic, IT, MC)
အတွေ့အကြုံရှိသူများဦးစားပေးမည်
Accountant — Male/Female (2) Posts
(B.Com, B.Act, LCCI Level III)
Driver — Male (5) Posts
လူကိုယ်တိုင် (သို့) E-mail ဖြင့် လျှောက်ထားနိုင်ပါသည်။
No.(797/A), Room (702), MAC Tower II, Corner of Bogyoke Aung San Road & Wardan Street, Lanmadaw Township, Yangon, hrm.kinetic@gmail.com, Ph-09-977232897

လုပ်ငန်းခွင်ဝင်၊ နိုင်ငံခြားသွားလိုသူများနှင့် အင်္ဂလိပ်စာထူးချွန်လိုသူများအတွက် ဆရာအာဿာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း Ph: 202046,392048,256954
လှည်းတန်းကျောင်းခွဲ ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်) Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
9 - 12:00 (Sat + Sun) 20 Dec
10 - 11:30 (Mon ~ Thurs) 21 Dec
7:30 - 9 (Mon ~ Thurs) 28 Dec
1 - 2:30 (Mon ~ Thurs) 28 Dec
1 - 4:00 (Sat + Sun) 3 Jan
BASIC FOUR SKILLS ENGLISH
1 - 4:00 (Sat + Sun) 26 Dec
10-11:30 (Mon ~ Thurs) 28 Dec
3:30 - 5 (Mon ~ Thurs) 28 Dec
7:30-10:30 (Sat + Sun) 3,9 Jan
1 - 2:30 (Mon ~ Thurs) 5 Jan
6 - 7:30 (Mon ~ Thurs) 11 Jan
BASIC GRAMMAR
10-11:30 (Mon ~ Thurs) 21 Dec
1 - 2:30 (Mon ~ Thurs) 5 Jan
PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon ~ Thurs) 28 Dec
3:30 - 5 (Mon ~ Thurs) 5 Jan
9 - 12:00 (Sat + Sun) 16 Jan
10-11:30 (Mon ~ Thurs) 18 Jan
INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon ~ Thurs) 14 Dec
7:30 - 9 (Mon ~ Thurs) 28 Dec
1 - 2:30 (Mon ~ Thurs) 5 Jan
VOCAB ENRICHMENT
3:30 - 5 (Mon ~ Thurs) 28 Dec
10-11:30 (Mon ~ Thurs) 11 Jan
BASIC WRITING
10-11:30 (Mon ~ Thurs) 28 Dec
INTEMEDIATE GRAMMAR
7:30 - 9 (Mon ~ Thurs) 28 Dec

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 21 Dec
10-11:30 (Mon ~ Thurs) 28 Dec
3:30 - 5 (Mon ~ Thurs) 18 Jan
PRE-INTERMEDIATE (4-SKILL ENGLISH)
7:30-10:30 (Sat + Sun) 2 Jan
4:30-7:30 (Sat + Sun) 2 Jan
1 - 2:30 (Mon ~ Thurs) 5 Jan
BASIC GRAMMAR
7:30-10:30 (Sat + Sun) 23 Jan
BASIC FOUR SKILLS ENGLISH
10-11:30 (Mon ~ Thurs) 21 Dec
1 - 2:30 (Mon ~ Thurs) 28 Dec
10-11:30 (Mon ~ Thurs) 5 Jan
3 - 4:30 (Mon ~ Thurs) 5 Jan
INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 16 Jan
IELTS (Preparation)
12:30-3:30 (Sat + Sun) 6 Feb
IELTS (Preparation)
1 - 4:30 (Sat + Sun) 2 Jan
1 - 3:30 (Mon to Thurs) 18 Jan
IELTS (Writing)
7:30 - 9 (Mon ~ Thurs) 21 Dec
7:30-10:30 (Sat + Sun) 9 Jan
IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 28 Dec
IELTS (Reading)
1 - 3:00 (Mon ~ Thurs) 11 Jan
IELTS (Grammar)
10-11:30 (Mon ~ Thurs) 1 Feb

GPS Car Tracker dPS MAPS
ကားနှင့် ယန္တရားကြီးများ
သိစောင့်ကြည့်
စနစ်
GPS Tracker with Solar Powerbank + ဖုန်း SIM Card နှင့် Phone Bill ပါအပြီး ၇၀၀၀၀/- သာ
Our Clients
165, 35th Street, KTDA Tsp, Yangon, Myanmar. Tel: 20 40 20, 245 230, 700 541, 09 774204020, 09 775204020, 09 50 30 177 dpsmap@gmail.com facebook.com/DPSMyanmar www.dpsmap.com

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၄က/၂၀၈၀ Dodge Wagon Carrier, L/T (4x4)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သူဇာမောင် ၈/မဘန(နိုင်)၀၁၆၂၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်-၃၁၊ ဧရိယာ-(အလျား ၁၂ ၁/၂ x အနံ ၄၈ပေ)ရှိ မြေညီထပ်တိုက်ခန်းနှင့်တိုက်ခန်းတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဦးကြည်ဝင်း(၁၂/လမန(နိုင်)၀၁၀၈၈၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေတို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။
အဆိုပါတိုက်ခန်းရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့်ကျွန်ုပ်ထံကန့်ကွက်နိုင်ပြီးကန့်ကွက်သူမရှိပါကဥပဒေနှင့်အညီအရောင်းအဝယ်ကို တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ဇာလျာဦး (LL.B, D.B.L)
အထက်တန်းရှေ့နေ (စဉ်-၂၂၅၅၂)
အမှတ်-(၂၂) ဘုရားလမ်း၊
(၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။
ဖုန်း- ၀၉၇၃၀၀၄၂၅၈

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 8J-8290 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန (ရွာသာကြီး)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ဦးလှရှိန်၏သမီး မညွန့်တင်(ခ)မခင်စန်းရီ ၁၂/စခန(နိုင်)၁၃၇၀၄၂ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။
**မညွန့်တင်(ခ)မခင်စန်းရီ**

**သွေးသည် အသက်**

# ကျွန်တော်နဲ့ ယူအင်န်ဂျီစီ



**ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်**

မကောင်းသတင်းက ရောင်းရတယ်။ ကောင်းသတင်းက အရောင်းမသွက်ဘူး။ ဒီအယူအဆကို အမေရိကန်နိုင်ငံက မီဒီယာသမားတွေက လက်ကိုင်ထားကြတယ်။ ဒါကြောင့်လည်း သတင်းစာတွေ၊ ဂျာနယ်တွေဖတ်ရင် အကြမ်းဖက်မှုတွေ၊ ဒုစရိုက်မှုတွေ၊ ပုဂ္ဂိုလ်ရေးအရ ပုတ်ခတ်မှုတွေ၊ ဒါတွေကိုအသားပေးပြီး ရေးသားကြတယ်။ ကောင်းသတင်းကိုတော့ ဦးစားပေး အလေးထားပြီး ဖော်ထုတ်မှုမရှိလှဘူး။

ကျွန်တော်တို့နိုင်ငံမှာလည်း ဒီလိုဖြစ်နေသလားတော့ မပြောတတ်တော့ဘူး။ အရင်တစ်ပတ်က အံ့သြစရာကောင်းတဲ့ သတင်းကောင်းတစ်ခုကို သိကြားခဲ့ရတယ်။ မြန်မာနိုင်ငံက နှစ်နှစ်ဆက်တိုက် ကမ္ဘာမှာ နံပါတ်တစ်နေရာရခဲ့တယ်။ ဒါကတော့ ပေးကမ်းခြင်း၊ အလှူဒါနပြုခြင်းနဲ့ပတ်သက်ပြီး တစ်ကမ္ဘာလုံးမှာ ဦးဆောင်နိုင်ခဲ့တာ။ ဒီသတင်းကို ဂျာနယ်တွေမှာ ကြိုကြားကြိုကြားသာ ဖတ်ရှုရပြီး ကျယ်ကျယ်ပြန့်ပြန့် မီးမောင်းထိုးတာကို မတွေ့ခဲ့ရဘူး။ ဆင်းရဲနွမ်းပါးမှုနဲ့ပတ်သက်ပြီး နိမ့်ကျနေတာကိုတော့ ဝေဝေဆာဆာဖော်ပြကြတယ်။

ကျွန်တော့်မှာ အားနည်းချက်တစ်ခုရှိတာကိုတော့ ဝန်ခံရမှာဖြစ်ပါတယ်။ ကျွန်တော်ဟာ အရာရာမှာ ကောင်းတာကိုပဲမြင်တတ်တယ်။ သုံးသပ်တယ်။ မကောင်းတာကို မစဉ်းစားတတ်ဘူး။ ဒါကြောင့်လည်း ကျွန်တော့်ကို တချို့က ဝေဖန်ကြတယ်။ အကောင်းမြင်ဝါဒီတစ်ဦးအဖြစ် သတ်မှတ်ကြတယ်။ ဒီလိုခံရတာကို ကျွန်တော် ကျေနပ်ပါတယ်။ နဂိုစိတ်က ဒီလိုပဲရှိတာ။ မွေးကတည်းကပါလာတဲ့စိတ်မို့ အခုချိန်မှာ ပြင်ဖို့လည်းမဖြစ်နိုင်တော့ပါဘူး။ ကိုယ့်နိုင်ငံနဲ့ပတ်သက်ပြီး အကောင်းပဲဖြစ်စေချင်တယ်။ အကောင်းပဲ မြင်စေချင်တယ်။

လွန်ခဲ့တဲ့တစ်ပတ်က မြန်မာနိုင်ငံကုန်သည်ကြီးများနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမမှာ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေစုစည်းပြီး ယူအင်န်ဂျီစီအဖွဲ့ဝင်တွေရဲ့ ဒုတိယအကြိမ်မြောက်ညီလာခံတစ်ခုကို ကြီးမျိုးကျင်းပနိုင်ခဲ့တယ်။ အခုလို ကျင်းပနိုင်မှုဟာ မြန်မာနိုင်ငံအတွက်သာမက နိုင်ငံသားအားလုံးအတွက် ဂုဏ်ယူစရာကိစ္စတစ်ရပ်ဖြစ်ပါတယ်။

မနှစ်က ပထမအကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ အမှန်တော့ ယူအင်န်ဂျီစီနဲ့ပတ်သက်ပြီး ခရီးရှည်ကြီးကို ၂၀၁၂ ခုနှစ် မေလ ၁ ရက်နေ့က စတင်ခဲ့တာဖြစ်ပါတယ်။ မြန်မာပြည်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းလာရောက်စဉ် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း ၁၅ ခုဟာ ယူအင်န်ဂျီစီအဖွဲ့ဝင်လျှောက်လွှာတွေကို တင်သွင်းနိုင်ခဲ့ပါတယ်။ ကျွန်တော်ဟာ ယူအင်န်ဂျီစီကို ၂၀၀၀ ပြည့်နှစ်ကစပြီး ရင်းနှီးခဲ့တာဖြစ်တယ်။ အီတလီနိုင်ငံ တူရင်းမြို့မှာ ကုလသမဂ္ဂဝန်ထမ်းကောလိပ်ကို စတင်တည်ထောင်တဲ့နှစ် ကျွန်တော့်ကို Principal Officer တာဝန်ပေးခဲ့လို့ ဗန်ကောက်မြို့မှာ နှစ်နှစ်တောင် အပြည့်မနေလိုက်ရဘဲ ပြောင်းခဲ့ရတာ။ ဒီကောလိပ်ကို ကုလသမဂ္ဂစနစ်ကောလိပ်လို့ အမည်ပေးခဲ့ပြီး တည်ထောင်ခဲ့တာ။အီတလီအစိုးရက တူရင်းမြို့မှာရှိတဲ့ အိုင်အယ်(လ်)အိုအဖွဲ့အစည်းရဲ့ သင်တန်းဌာနတည်နေရာမှာ တည်ထောင်ခဲ့တာ။ ကျွန်တော်က ဒီကောလိပ်မှာသင်ကြားရေးနဲ့ပတ်သက်ပြီး တာဝန်ယူခဲ့တာ။ ကျွန်တော်နဲ့တွဲဖက်ပြီး အရာရှိတွေအမြောက်အမြားရှိတဲ့အနက် တစ်ဦးကို ယူအင်န်ဂျီစီ စီမံချက်ကို ဆောင်ရွက်ဖို့ ကျွန်တော်က တာဝန်ပေးခဲ့ပါတယ်။

ယခင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဖြစ်သူ ကိုဖီအာနန်ဟာ ကုလသမဂ္ဂအဖွဲ့အစည်းရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ဦးဆောင်ခဲ့သူဖြစ်ပါတယ်။ အခုလို ပြုပြင်ပြောင်းလဲမှုတွေအနက် ကုလသမဂ္ဂအဖွဲ့အစည်းဟာ နိုင်ငံတော်အစိုးရတွေနဲ့သာမက စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းတွေနဲ့သော်လည်းကောင်း၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့သော်လည်းကောင်း ဆက်သွယ်ဆက်ဆံဖို့လိုအပ်ကြောင်း ဖော်ထုတ်ခဲ့ပြီး စီမံချက်တွေကို ဖော်ထုတ်ခဲ့ပါတယ်။ အခုလိုဆောင်ရွက်ရင်း စီးပွားရေးလုပ်ငန်းတွေနဲ့ လူ့အခွင့်အရေးဆိုတဲ့ စီမံချက်တစ်ရပ်ကို ဖော်ထုတ်ခဲ့ပါတယ်။ အခုလိုလုပ်ရတာလည်း ဖြစ်နေတဲ့အခြေအနေတွေအပေါ် တုံ့ပြန်မှုတစ်ရပ်ဖြစ်ပါတယ်။

ချမ်းသာတဲ့နိုင်ငံတွေမှာရှိတဲ့ စီးပွားရေးလုပ်ငန်းကြီးတွေဟာ ဆင်းရဲတဲ့နိုင်ငံတွေမှာ စီးပွားရေးအခွင့်အလမ်းတွေဖော်ထုတ်ရင်း လူ့အခွင့်အရေးချိုးဖောက်မှုတွေကို နေရာအနှံ့မှာ ကျူးလွန်ခဲ့ကြတယ်။ အထူးသဖြင့် အာဖရိကနိုင်ငံတွေ၊ လက်တင်အမေရိကနိုင်ငံတွေနဲ့ အာရှနိုင်ငံတွေမှာ ကြုံတွေ့နေရတယ်။ ဒီကိစ္စကို ကုလသမဂ္ဂအထွေထွေညီလာခံမှာ ဆွေးနွေးကြပြီး ကုလသမဂ္ဂအဖွဲ့အစည်းအနေနဲ့ စီးပွားရေးလုပ်ငန်းတွေကနေ လူ့အခွင့်အရေးကို အလေးထားပြီးပြုစုစောင့်ရှောက်ဖို့ အစီအစဉ်တွေ ဖော်ထုတ်ခဲ့ပါတယ်။

တစ်ဖက်က ကုလသမဂ္ဂက ဆောင်ရွက်နေသလို စီးပွားရေးလုပ်ငန်းရှင်တွေဘက်ကလည်း စီးပွားရေးလုပ်တဲ့နေရာမှာ လူမှုရေးတာဝန်ကျေဖို့ လိုကြောင်းကို လက်ခံလာကြတယ်။ ဒါကြောင့်လည်း လူမှုရေးတာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းတွေပေါ်ပေါက်လာရေးကို ဦးစားပေးလာခဲ့ကြတယ်။ ဒီလှုပ်ရှားမှုကို Corporate Social Responsibility(CSR) စီအက်စ်အာလို့ ခေါ်ဝေါ်သတ်မှတ်ပါတယ်။

စီအက်စ်အာရဲ့ အနှစ်သာရကတော့ စီးပွားရေးလုပ်ငန်းတစ်ခုဟာ အမြတ်ရရှိရေးတစ်ခုတည်းကို ဦးတည်တာမဟုတ်ဘဲ ပတ်ဝန်းကျင်နဲ့ လူသားတွေကို ကာကွယ်စောင့်ရှောက်ရမယ်ဆိုတဲ့ အယူအဆကို လက်ခံထားတာဖြစ်ပါတယ်။ ယူအင်န်ဂျီစီက အမှန်တော့ စီအက်စ်အာဖြစ်တယ်။ ဒါပေမယ့် စီအက်စ်အာလှုပ်ရှားမှုကရလာတဲ့ အတွေ့အကြုံအပေါ် အခြေခံပြီး ယူအင်န်ဂျီစီမှာမဏ္ဍိုင်လေးရပ်ကို ဖော်ထုတ်ခဲ့ပါတယ်။ ဒီမဏ္ဍိုင်လေးရပ်က လူ့အခွင့်အရေး၊ ဝန်ထမ်းရေးရာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှုနဲ့ အဂတိလိုက်စားမှုကိုတိုက်ဖျက်ခြင်းတို့ ဖြစ်ပါတယ်။

မဏ္ဍိုင်လေးရပ်ကို မူ(၁၀)ရပ်နဲ့ ကျားကန်ထားတာဖြစ်တယ်။ ကျွန်တော်ဟာ ကုလသမဂ္ဂဝန်ထမ်းကောလိပ်မှာ တာဝန်ယူနေစဉ်မှာ ယူအင်န်ဂျီစီနဲ့ စီအက်စ်အာလုပ်ငန်းတွေကို ပူးတွဲဆောင်ရွက်ခဲ့ပြီး လိုအပ်တဲ့သင်တန်းပို့ချမှုအစီအစဉ်တွေကို ရေးဆွဲအကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ၂၀၀၈ ခုနှစ် မြန်မာပြည်ကို ပြန်လာပြီး ကနဦးက စီအက်စ်အာလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ပညာရပ်ဆိုင်ရာဟောပြောပွဲတွေကို ဆောင်ရွက်ခဲ့ပါတယ်။ အစက အခက်အခဲတွေနဲ့ ကြုံခဲ့ရတယ်။ ကျွန်တော်ပြောတာကို နားထောင်ကြသူတွေက ဆရာပြောတာ မဆန်းပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ လူတွေက ရက်ရောကြတယ်။ သဒ္ဓါတရား ကြီးထွားကြတယ်။ အလှူအတန်းတွေ အမြဲလုပ်နေကြတာကို ပြောကြတယ်။

အမှန်တော့ စီအက်စ်အာဟာ အလှူအတန်းမဟုတ်ပါဘူး။ လူမှုရေးတာဝန်ကျေမှုဟာ လှူတာတစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ လှူတာဟာ အရေးကြီးပါတယ်။ ဒါပေမယ့် တည်ဆဲဥပဒေတွေကို လိုက်နာဖို့ကလည်း အလားတူ အရေးပါပါတယ်။ လူ့ကျင့်ဝတ်နဲ့အညီ ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ အထူးသဖြင့် စီအက်စ်အာနဲ့ပတ်သက်ပြီး ပြောင်းလဲလာတဲ့ အတွေးအခေါ်တွေကို ကျွန်တော်က မျှဝေပေးခဲ့ပါတယ်။ ဒါကြောင့်လည်း စီအက်စ်အာဟာ လုပ်သင့်လုပ်ထိုက်တဲ့ တာဝန်တစ်ရပ်လို့ လုပ်ငန်းရှင်တွေက လက်ခံလာခဲ့ကြတယ်။

ယူအင်န်ဂျီစီနဲ့ ပတ်သက်လို့ ကျွန်တော်ဟာ ၂၀၀၈ ခုနှစ်ပြန်ရောက်ပြီး ကုလသမဂ္ဂဌာနေကိုယ်စားလှယ်ရုံးမှာ အကြီးတန်းအကြံပေးအဖြစ် ဆက်လက်တာဝန်ယူခဲ့ပါတယ်။ ဖြစ်ချင်တော့ ဌာနေကိုယ်စားလှယ်ဖြစ်သူဟာ ကျွန်တော်နဲ့အတူ နယူးယောက်မြို့ ယူနီဆက်အဖွဲ့အစည်းမှာ တာဝန်ယူရင်း ကျွန်တော့်ကြီးကြပ်မှုအောက်မှာ တာဝန်ယူခဲ့သူဖြစ်ပြီး အလွန်ရင်းနှီးတဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော့်အပေါ် ယုံကြည်မှုအပြည့်ရှိခဲ့ပါတယ်။ သူနဲ့တိုင်ပင်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းက အကောင်အထည်ဖော်လျက်ရှိတဲ့ စီမံချက်တွေအနက် မြန်မာပြည်နဲ့ သင့်လျော်မှုရှိတာတွေကို အကောင်အထည်ဖော်ပေးဖို့ စီစဉ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ရှစ်နှစ်ကျော်ကျော်လောက်က ရင်းနှီးခဲ့တဲ့ ယူအင်န်ဂျီစီကို မြန်မာပြည်မှာ အကောင်အထည်ဖော်နိုင်ဖို့ စဉ်းစားမိခဲ့တယ်။ ဒါကြောင့်လည်း ကျွန်တော်နဲ့ရင်းနှီးတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို စတင်ပြီး ယူအင်န်ဂျီစီကို မိတ်ဆက်ပေးခဲ့တယ်။ သူတို့သဘောပေါက်အောင်ရှင်းပြပေးခဲ့တယ်။

ကျွန်တော့်အတွက် အထူးအခွင့်အရေးတစ်ရပ် မထင်မှတ်ဘဲ ပေါ်ပေါက်ပါတယ်။ ၂၀၁၂ ခုနှစ် မေလ ၁ ရက်နေ့မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း မြန်မာပြည်ကိုလာရောက်စဉ် နေပြည်တော်ကအပြန် ရန်ကုန်မြို့ကိုလာဖို့ အစီအစဉ်ရှိခဲ့တယ်။ ဒီအစီအစဉ်ကို အခွင့်အရေးယူပြီး ကျွန်တော်စည်းရုံးထားတဲ့ စီးပွားရေးလုပ်ငန်းရှင် ၁၅ ဦးကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ ယူအင်န်ဂျီစီအသိအမှတ်ပြုလက်မှတ်တွေကို တင်သွင်းဖို့ စီစဉ်ခဲ့ပါတယ်။ အရေအတွက်က ၁၅ ဦးစာပဲရှိတာမို့ ဆီဒိုးနားဟိုတယ် ခန်းမအငယ်မှာပဲ ဆောင်ရွက်ခဲ့တယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေနဲ့ မြန်မာပြည်မှာ ယူအင်န်ဂျီစီလှုပ်ရှားမှုတွေရှိနေတာကို အံ့သြနေမိတယ်။

နောက်တစ်ကြိမ်က ၂၀၁၄ ခုနှစ် နိုဝင်ဘာလ. . . ဒီအကြိမ်တော့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် နေပြည်တော်မှာရှိစဉ် မြန်မာပြည်က ယူအင်န်ဂျီစီအဖွဲ့ဝင်တွေနဲ့ တွေ့ဆုံပွဲတစ်ရပ်ကို ကျင်းပနိုင်ခဲ့တယ်။ နှစ်နှစ်တာကာလအတွင်း ၁၅ ဦးကနေ ၂၀၀ အထိ တိုးတက်လာနိုင်ခဲ့တယ်။ ကြီးမားလှတဲ့ အောင်မြင်မှုတစ်ရပ်ဖြစ်တယ်။ တက်ရောက်လာတဲ့အဖွဲ့ဝင်တွေကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အားပေးစကားတွေပြောခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီအချိန်ကစပြီး ယူအင်န်ဂျီစီလှုပ်ရှားမှုကို အရှိန်အဟုန်မြှင့်ပြီးဆောင်ရွက်ဖို့ စီစဉ်ခဲ့ပါတယ်။ ရန်ကုန်၊ မန္တလေးမြို့များသာမက တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ ယူအင်န်ဂျီစီနဲ့ပတ်သက်လို့ ဟောပြောပွဲတွေကျင်းပခဲ့ပြီး အဖွဲ့ဝင်လျှောက်ထားဖို့ တိုက်တွန်းခဲ့ပါတယ်။ ဒီခရီးတွေမှာ ကျွန်တော်နဲ့အတူ အမ်ဘီစီအေရဲ့ စီအီးအို မစ္စတာမာတင်ပန်း၊ UMFCCI တွဲဖက်အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့လည်း ပါဝင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် မကုန်ခင်မှာ ယူအင်န်ဂျီစီအဖွဲ့ဝင်တွေရဲ့ ဒုတိယအကြိမ် ညီလာခံကို ကျင်းပဖို့စီစဉ်ခဲ့ပါတယ်။ မြန်မာနိုင်ငံက ယူအင်န်ဂျီစီနဲ့ပတ်သက်ပြီး တက်တက်ကြွကြွဆောင်ရွက်နေတာကို အသိအမှတ်ပြုတဲ့အနေနဲ့ ကျွန်တော်တို့ ညီလာခံကျင်းပနေချိန်မှာ အာရှနဲ့ပစိဖိတ်ဒေသဆိုင်ရာ ယူအင်န်ဂျီစီအစည်းအဝေးတစ်ရပ်ကို ကျင်းပဖို့ ကုလသမဂ္ဂရုံးချုပ်က သဘောတူပြီး အတည်ပြုခဲ့ပါတယ်။ ဒါကြောင့်လည်း ဒုတိယအကြိမ်ညီလာခံကြီးဟာ ပိုမိုထူးခြားသွားခဲ့ပါတယ်။ စုစုပေါင်း နိုင်ငံ ၁၀ နိုင်ငံက ကိုယ်စားလှယ်တွေလာဖို့စီစဉ်ခဲ့ရတယ်။ ညီလာခံနဲ့ပူးတွဲကျင်းပရမှာမို့ တာဝန်က အတော်ကြီးပါတယ်။ ဒါပေမယ့် ကျွန်တော်နဲ့တွဲဖက်ပြီး အဘက်ဘက်က ကူညီပေးကြပါတယ်။ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင် အနေနဲ့ လုပ်အားပေးကူညီခဲ့ပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်ရဲ့ သီလဝါအများပိုင်ကုမ္ပဏီကလည်း အားပေးခဲ့ပါတယ်။ ရောဝတီဘဏ်အပါအဝင် လုပ်ငန်းပေါင်းစုံကလည်း ပါဝင်အားဖြည့်ခဲ့ကြတယ်။

ဒေသဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာလ ၂ ရက်နေ့က ကျင်းပခဲ့ပြီး ဒုတိယအကြိမ်မြောက် ညီလာခံကိုတော့ ဒီဇင်ဘာလ ၄ ရက်နေ့ နံနက်က UMFCCI အစည်းအဝေးခန်းမမှာ ကျင်းပနိုင်ခဲ့ပါတယ်။ ဖွင့်ပွဲအခမ်းအနားမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဌေးအောင်၊ အဖွဲ့ဝင်များဖြစ်တဲ့ ဦးသောင်းလွင်၊ ဦးဝင်းခိုင်၊ ဒေါ်ခိုင်ခိုင်နွယ်၊ ဒုတိယမှူးချုပ်ကျော်ဇံမြင့်နှင့် အတွင်းရေးမှူး ဦးအောင်နိုင်ဦးတို့ တက်ရောက်ခဲ့ပြီး အားပေးခဲ့ပါတယ်။ ညီလာခံ အဖွင့်မိန့်ခွန်းကို UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမှာစကား ပြောခဲ့ပါတယ်။

ကျွန်တော်က ယူအင်န်ဂျီစီနဲ့ပတ်သက်ပြီး တင်ပြဆွေးနွေးခဲ့ပါတယ်။ အမှန်ကတော့ ယူအင်န်ဂျီစီဟာ ခေတ်ကာလလိုက်ပြီး တိုးတက်ပြောင်းလဲလာခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ထူးခြားတဲ့ပြောင်းလဲမှုနှစ်ရပ်ကို တင်ပြပေးခဲ့ပါတယ်။ ပထမတစ်ချက်ကတော့ နိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်တဲ့ကိစ္စဖြစ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ၂၀၀၀ ပြည့်နှစ်မှာ ထောင်စုနှစ်ရည်မှန်းချက်(၈)ရပ်ကို သဘောတူခဲ့ပြီး နိုင်ငံတိုင်းက ဒီရည်မှန်းချက်တွေကို ပြည့်မီအောင် ကြိုးစားခဲ့ကြပါတယ်။ ဒီထောင်စုနှစ်ရည်မှန်းချက်ရဲ့ သက်တမ်းဟာ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ဖြစ်တာမို့ ဒီနှစ်မှာ ကုန်ဆုံးသွားတော့မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား ထောင်စုနှစ်ရည်မှန်းချက် (၈) ရပ်ကိုအစားထိုးမယ့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရည်မှန်းချက်(၁၇)ရပ်ကို လွန်ခဲ့တဲ့ ကုလသမဂ္ဂအထွေထွေညီလာခံမှာ အများသဘောတူလက်ခံခဲ့ကြတယ်။ ဒါကြောင့် ယူအင်န်ဂျီစီအဖွဲ့ဝင်လုပ်ငန်းအဖွဲ့အစည်းတွေဟာ ဒီရည်မှန်းချက် (၁၇)ရပ်ကို ပြည့်မီနိုင်ဖို့ ကိုယ်တတ်နိုင်တဲ့နေရာက ဝိုင်းဝန်းကူညီဖို့ အရေးကြီးလာပါတယ်။ ဒါကြောင့်လည်း ကျွန်တော်က ရည်မှန်းချက်(၁၇)ရပ်ကို အသေးစိတ်တင်ပြခဲ့ပြီး စီးပွားရေးလုပ်ငန်းတွေအနေနဲ့ ဘယ်ပုံဘယ်နည်းကူညီနိုင်မလဲဆိုတာကို တင်ပြခဲ့ပါတယ်။

ဒုတိယအချက်ကတော့ ကျွန်တော်တို့နိုင်ငံနဲ့ အလွန်ပတ်သက်ပါတယ်။ ဒါကတော့ Business For Peace (BFP)ဖြစ်တယ်။ ဆိုလိုတာက စီးပွားရေးလုပ်ငန်းများဟာ ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေမှာ ထဲထဲဝင်ဝင်ပါဝင်ပတ်သက်ဖို့ ဒီလုပ်ငန်းရပ်တွေကို ယူအင်န်ဂျီစီအဖွဲ့ဝင်တွေက ပါဝင်ကြရမှာဖြစ်တယ်။ ဒီလိုပါဝင်နိုင်မှ တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို အာမခံနိုင်မှာပါ။

ကျွန်တော် တင်ပြပြီးတဲ့အခါ စကားဝိုင်းနှစ်ခုကို ကျင်းပခဲ့ပါတယ်။ ပထမစကားဝိုင်းက ဒေါ်ခိုင်ခိုင်နွယ်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ဧရာအာမခံကုမ္ပဏီက အုပ်ချုပ်မှုဒါရိုက်တာနဲ့ ရွှေတောင်ကုမ္ပဏီများအဖွဲ့မှ

စာမျက်နှာ ၁၆ သို့

**ယူအင်န်ဂျီစီကိုမဝင်သေးတဲ့ ကုမ္ပဏီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေကို ပန်ကြားတောင်းပန်ချင်ပါတယ်။ လုပ်ငန်းအရွယ်အစားနဲ့ မဆိုင်ပါဘူး။ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ဝင်ရောက်နိုင်ပါတယ်။ ဝင်တဲ့ကုမ္ပဏီလုပ်ငန်းတွေအနေနဲ့ စောစောကတင်ပြခဲ့တဲ့ လူ့အခွင့်အရေး၊ ဝန်ထမ်းရေးရာ၊ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းမှုနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ပါဝင်ပတ်သက်ဖို့ ကတိပြုရမှာဖြစ်တယ်။ လျှောက်လွှာတင်တဲ့နေရာမှာလည်း အင်တာနက်ကတစ်ဆင့် တိုက်ရိုက်လျှောက်လို့ရပါတယ်။ (www.unglobalcompact.org)ကို နှိပ်ပြီး လျှောက်လွှာတင်နိုင်ပါတယ်. . .**

**စီအက်စ်အာဟာ အလှူအတန်းမဟုတ်ပါဘူး။ လူမှုရေးတာဝန်ကျေမှုဟာ လှူတာတစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ လှူတာဟာ အရေးကြီးပါတယ်။ ဒါပေမယ့် တည်ဆဲဥပဒေတွေကို လိုက်နာဖို့ကလည်း အလားတူအရေးပါပါတယ်။ လူ့ကျင့်ဝတ်နဲ့အညီ ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ အထူးသဖြင့် စီအက်စ်အာနဲ့ ပတ်သက်ပြီး ပြောင်းလဲလာတဲ့ အတွေးအခေါ်တွေကို ကျွန်တော်က မျှဝေပေးခဲ့ပါတယ်။ ဒါကြောင့်လည်း စီအက်စ်အာဟာ လုပ်သင့်လုပ်ထိုက်တဲ့ တာဝန်တစ်ရပ်လို့ လုပ်ငန်းရှင်တွေက လက်ခံလာခဲ့ကြတယ်. . .**

# ထိုင်းနိုင်ငံ မဟာချိုင်မြို့ရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများစုပေါင်း၍ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားများနေ့ကျင်းပ

**ဗန်ကောက် ဒီဇင်ဘာ ၂၀**

ထိုင်းနိုင်ငံ မဟာချိုင်မြို့သို့ ရောက်ရှိနေသော မြန်မာရွှေ့ပြောင်း အလုပ်သမားများစုပေါင်း၍ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားများနေ့ (International Migrant Day) အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၈ ရက်ကို အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားနေ့အဖြစ် သတ်မှတ်ထားရာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားနေ့ ကျင်းပကြသကဲ့သို့ ထိုင်းနိုင်ငံတွင်လည်း မြန်မာရွှေ့ပြောင်း အလုပ်သမားများ နေထိုင်မှုများသည့် စမွတ်စာခွန်ခရိုင် မဟာချိုင်မြို့ရှိ ဝတ်ထေ့ပ်ဘုန်းကြီးကျောင်း၌ MWRN အဖွဲ့ကဦးဆောင်၍ ယင်းကွန်ရက်မဟာမိတ်ဖြစ်သော SERC, TLSC နှင့် HRDF စသည့် အဖွဲ့အစည်းများ ပူးပေါင်းကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို နံနက် ၇ နာရီမှစတင် ကျင်းပခဲ့ပြီး MWRN ရုံးတည်ရှိသော မဟာချိုင် ဝီလာလမ်းသွယ်(၉)မှ ဝတ်ထေ့ပ် ဘုန်းကြီးကျောင်းသို့ ဆိုင်းဘုတ်များ၊ အလံများကိုင်ဆောင်ကာ စီတန်းလမ်းလျှောက်ခဲ့ကြကြောင်း၊ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားနေ့ကျင်းပခြင်း တောင်းဆိုချက်များအဖြစ်-(၁)ခြောက်နှစ်ဗီဇာ သက်တမ်းကုန်သည့် အလုပ်သမားများ၊ လေးနှစ်ဗီဇာ သက်တမ်းကုန်သည့် MoU အလုပ်သမားများအတွက် ထိုင်းနိုင်ငံတွင် ဆက်လက်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် လွယ်ကူသော၊ ပွင့်လင်းမြင်သာသော၊ တစ်ဆင့်ခံပွဲ စားမလိုအပ်သော လုပ်ငန်းစဉ်များ အမြန်ဆုံး ချမှတ်လုပ်ဆောင်ပေးရန်၊ (၂)လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်စေရေးအတွက် အလုပ်သမားအသိုင်းအဝိုင်း၏ အကြံပြုချက်များပါဝင်သော မူဝါဒ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ပေးရန်၊ (၃)ချမှတ်ထားသော စည်းကမ်းဥပဒေများနှင့်အညီ ခံစားခွင့်များရရှိရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးရန်နှင့် (၄)အစိုးရ၊အလုပ်ရှင်၊ အလုပ်သမားတို့ ပူးပေါင်းဆောင်ရွက်သည့် အလေ့အထများ တိုးတက်ဖြစ်ပေါ်လာရေးအတွက် ဦးဆောင်ပြုလုပ်ပေးရန် စသဖြင့် ကြွေးကြော်ခဲ့ကြကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# စပါးရိတ်သိမ်းစက်အသုံးပြု၍ တောင်သူများကုန်ကျစရိတ် သက်သာလာ

**စစ်ကိုင်း ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်းရှိ စပါးစိုက်ပျိုးတောင်သူများအနေဖြင့် ယခုနှစ်တွင် စပါးရိတ်သိမ်းရာ၌ တစ်နိုင်တစ်ပိုင် စပါးရိတ်စက်ငယ်များကို အသုံးပြုရိတ်သိမ်းမှု ပိုများလာပြီး စက်သုံး သည့်ကုန်ကျစရိတ်က လူငှားသည်ထက်လည်း ပို၍သက်သာကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်အရ သိရသည်။

ယခင်က နေ့စားဖြင့်လူငှား၍ စပါးရိတ်သိမ်းသော်လည်း ယခုနှစ်တွင် တစ်နိုင်တစ်ပိုင် စပါးရိတ်စက်များဖြင့် စပါးရိတ်သိမ်းခြင်းကို တောင်သူများက ပိုမိုပြုလုပ်လာကြခြင်းဖြစ်ကာ Quality Value အမည်ရှိ ဓာတ်ဆီသုံးကျောပိုးစပါးရိတ်စက်များကိုဝယ်ယူ၍ တစ်နိုင်တစ်ပိုင် ရိတ်သိမ်းကြကြောင်း သိရသည်။

"တစ်နိုင်တစ်ပိုင် စပါးရိတ်စက်တွေပေါ်လာတော့ စပါးရိတ်သမားခေါ်ရတဲ့ အကုန်အကျ သက်သာတာပေါ့။ အရင်က တစ်နေ့တာ လူတစ်ဦးခေါ်ရင် နေ့စားပုတ်ပြတ် စပါးပေးသော်လည်းကောင်း၊ လုပ်အားခသော်လည်းကောင်း ပေးပြီး ငှားရတယ်။ လူဦးရေ အကန့်အသတ်ရှိလို့ အလုပ်မတွင်ကျယ်ဘူး။ စပါးကောက်ဖျားတွေ မိုးမိသွားမှာလည်း စိုးရိမ်ရတယ်။ အခု ကျောပိုးစပါးရိတ်စက်တွေ ပေါ်လာတော့ စပါးစိုက်ပျိုးတဲ့ တောင်သူတွေ



နှစ်သက်ကြပြီး ဝယ်သုံးကြတယ်"ဟု ဒေသခံ တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ တစ်နိုင်တစ်ပိုင် စပါးရိတ်စက်များ အသုံးပြုခြင်းကြောင့် လုပ်ငန်းများ ပိုမိုတွင်ကျယ်ကာ လူငှားရသည့် ကုန်ကျစရိတ်လည်း မရှိတော့သလို လယ်ယာလုပ်ငန်းခွင်များတွင် ကြုံတွေ့နေရသော လုပ်သားရှားပါးမှုအခက်အခဲကိုလည်း ပြေလည်စေကြောင်း သိရသည်။ **ငွေအိုး(ကသာ)**



# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖူဆယ်ပြိုင်ပွဲကျင်းပ

**တပ်ကုန်း ဒီဇင်ဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပြည်သူ့အားကစားကွင်း၌ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ရက်မှ စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် အသင်း ၁၅သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၉ ရက်တွင် အဖွင့်ပွဲစဉ်အဖြစ် Shwe FC အသင်းနှင့် Top One FC အသင်းတို့ စတင်ယှဉ်ပြိုင်ကစားခဲ့ကြကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရည်မွန်၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးခင်မောင်အေးနှင့် ဘောလုံးဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**တင်စိုးလွင်**

# ဆိုင်ကယ်စီးဦးထုပ် မဆောင်းသူများအား ဖမ်းဆီးအရေးယူ

**မော်လူး ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု၌ ဆိုင်ကယ်စီးဦးထုပ်မဆောင်းသော ဆိုင်ကယ်မောင်းသူများကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ကျေးရွာအုပ်စုအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ဆိုင်ကယ်စီးနင်းမောင်းနှင်သူများ အသက်နှင့်ကိုယ်ခန္ဓာ ထိခိုက်ဆုံးပါးမှုကင်းစင်ရေးရည်ရွယ်၍ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့က ဆိုင်ကယ်စီးဦးထုပ်မပါသူများအား ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးမှထုတ်ပြန်သည့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ရာ ဆိုင်ကယ် ၃၆ စီးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ ဖမ်းဆီးမိသူများမှ ဆိုင်ကယ်ဦးထုပ်မဆောင်းသူများအား တစ်ဦးလျှင် ၃၀၀၀ ကျပ်နှုန်းနှင့် ယဉ်မောင်းလိုင်စင်မပါရှိသူများအား တစ်ဦးလျှင် ၅၀၀၀ ကျပ်နှုန်းဖြင့် အင်းတော်မြို့နယ်တရားရုံးတွင် သွားရောက်၍ဒဏ်ငွေပေးဆောင်စေခဲ့ကြောင်း သိရသည်။

**ညီမြင်းထက်(မြန်မာစာ)**

# ဆောင်းသီးနှံမျိုးစုံ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲများပြုလုပ်လျက်ရှိ

**မြင်းမူ ဒီဇင်ဘာ ၂၀**

မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများအနေဖြင့် ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် စနစ်တကျ စိုက်ပျိုးနိုင်ရေးနှင့် ပိုးသတ်ဆေးများ စနစ်တကျ အသုံးပြုနိုင်ရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲများကို မာလာမြိုင်ကုမ္ပဏီနှင့် မြင်းမူမြို့ရှိ မိုးသောက်စိုက်ပျိုးရေးဆေးဆိုင်တို့ ပူးပေါင်း၍ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်ရှိ ထီးဆောင်၊ ကန်ဖျား၊ အလ္လကပ္ပနှင့် ကန်တော်ကျေးရွာများမှ ကြက်သွန်နီစိုက်ပျိုးသော တောင်သူများအတွက် ကြက်သွန်စိုက်ပျိုးရေးတွင် လိုအပ်သော စိုက်ပျိုးရေးနည်းစနစ်များ၊ ပေါင်းသတ်ဆေးနှင့် ပိုးသတ်ဆေး စနစ်တကျသုံးစွဲနည်းများနှင့် အထွက်တိုးစေရန် ပြုစုပျိုးထောင်နည်းများကို တောင်သူများနှင့် တိုက်ရိုက်တွေ့ဆုံ၍ နည်းပညာဖြန့်ဝေ ကွင်းဆင်းသရုပ်ပြခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ အရာတော်မြို့နယ်အတွင်းရှိ ညောင်ခြေထောက်ကျေးရွာနှင့် မြောင်မြို့နယ်အတွင်းရှိ သောင်ကြီးနှင့် ရွှေဘုံသာကျေးရွာများမှ မြေပဲစိုက်တောင်သူများကိုလည်း မြေပဲစိုက်ပျိုးရေးအတွက် သိရှိထားသင့်သော စိုက်ပျိုးရေးနည်းစနစ်များ၊ မြေအောင်းပိုးသတ်ဆေး သရီးဂျီနှင့် မျိုးစေ့လူးနယ် ပိုးသတ်ဆေးများကို စနစ်တကျ သုံးစွဲတတ်စေရန် တောင်သူနည်းပညာပေးဆွေးနွေးပွဲများနှင့် စိုက်ကွင်းများအရောက် ကွင်းဆင်းပညာပေးခြင်းများကိုလည်း ဒီဇင်ဘာ ၁၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ်အတွင်းမှ တောင်သူလယ်သမားများအနေဖြင့် လယ်ယာလုပ်ငန်းများပြီးချိန်တွင် ဆောင်းသီးနှံများကို ဆက်လက်စိုက်ပျိုးလျက်ရှိရာ သီးနှံအထွက်တိုးရေးအတွက် စိုက်ပျိုးနည်းစနစ်များကို ပုဂ္ဂလိကကုမ္ပဏီများက ယခုကဲ့သို့ စိုက်ကွင်းအရောက် ကွင်းဆင်းပညာပေးဆောင်ရွက်ခြင်းဖြင့် တောင်သူများအတွက် များစွာအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(၀၇၉)**

**စာမျက်နှာ ၁၅ မှ**

ဦးအောင်ဇော်နိုင်တို့က ပါဝင်ဆွေးနွေးခဲ့တယ်။ ဒေါ်မေမြတ်သူက အာမခံလုပ်ငန်းအတွက်သာမကဘဏ်လုပ်ငန်းအတွက်ဆောင်ရွက်ခဲ့တဲ့ လူမှုရေးတာဝန်ကျေပွန်မှုဆောင်ရွက်ချက်တွေကို ပြည့်ပြည့်စုံစုံတင်ပြသွားပြီး ဦးအောင်ဇော်နိုင်က ရွှေတောင်ကုမ္ပဏီက အကောင်အထည်ဖော်နေတဲ့ လုပ်ရှားမှုတွေကို ပြည့်ပြည့်စုံစုံတင်ပြခဲ့တယ်။ အထူးသဖြင့် စောစောက ကျွန်တော်တင်ပြခဲ့တဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်တွေကို စီးပွားရေးလောကအနေနဲ့ မည်သို့မည်ပုံ ဆောင်ရွက်နိုင်တာတွေကိုလည်း တင်ပြဆွေးနွေးသွားခဲ့တယ်။

ဒုတိယစကားဝိုင်းကိုတော့ ဦးမာတင်ပန်းက သဘာပတိအဖြစ်တာဝန်ယူပြီး ပါဝင်ဆွေးနွေးတဲ့နှစ်ဦးက ပါရမီစွမ်းအင်ကုမ္ပဏီရဲ့ အကြီးအကဲဖြစ်တဲ့ ဦးပြည့်ဝထွန်းနဲ့ မြန်မာပြည်မှာ နာမည်ကြီးအိုင်တီကုမ္ပဏီတစ်ခုဖြစ်တဲ့ အမ်အိုင်တီကုမ္ပဏီရဲ့စီအီးအို ဒေါက်တာထွန်းသူရသက်တို့က ဆွေးနွေးကြပါတယ်။ ဒီပုဂ္ဂိုလ်နှစ်ဦးဟာ မကြာသေးမီကာလက မလေးရှားနိုင်ငံမှာ ကျင်းပတဲ့ အာဆီယံခေါင်းဆောင်များအစည်းအဝေးမှာ Asean Business Award အာဆီယံစီးပွားရေးထူးချွန်ဆုကို ရရှိထားသူတွေ ဖြစ်တယ်။ သူတို့ဟာ လူငယ်တွေဖြစ်ပေမယ့် အလွန်တန်ဖိုးရှိလှတဲ့ ယူအင်န်ဂျီစီနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေကို အကောင်အထည်ဖော်နေကြသူတွေ၊ သူတို့နှစ်ဦးဟာ ပရိသတ်တွေကို ဆွဲဆောင်နိုင်တဲ့ တင်ပြချက်ကောင်းသူတွေဖြစ်ခဲ့တယ်။

စကားဝိုင်းနှစ်ဝိုင်းပြီးချိန်မှာ ကျွန်တော်က မြန်မာနိုင်ငံ ယူအင်န်ဂျီစီဒုတိယအကြိမ်မြောက် ညီလာခံရဲ့ အပိတ်မိန့်ခွန်းကို ပြောကြားခဲ့ပါတယ်။ အမှန်တော့ အခုလို ဒုတိယအကြိမ်ညီလာခံကို အောင်အောင်မြင်မြင် ကျင်းပနိုင်တာဟာ မြန်မာပြည်သူပြည်သားတွေ အားလုံးအတွက် ဂုဏ်ယူစရာကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ညီလာခံကျင်းပစဉ် ယူအင်န်ဂျီစီအဖွဲ့ဝင်အရေအတွက်မှာ ၃၀၀ ကျော်ခဲ့ကြောင်း သိခဲ့ရပါတယ်။ အခုလို ၃၀၀ ကျော်တာမို့ ကျွန်တော်တို့ဟာ အာဆီယံနိုင်ငံတွေအနက် ပထမနေရာကို ရယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် အဖွဲ့ဝင်တွေအားလုံးကို နောက်ထပ်အနည်းဆုံးအဖွဲ့အစည်း ၁၀ ခုစီ စည်းရုံးပေးဖို့ တိုက်တွန်းပေးခဲ့တယ်။ ဒီလိုလုပ်နိုင်ရင် မြန်မာပြည်မှာ အဖွဲ့ဝင် ၃၀၀၀ ဖြစ်သွားမှာဖြစ်တယ်။ ဒါဆို မြန်မာနိုင်ငံဟာ ကမ္ဘာမှာ ပထမနေရာမှာ ရောက်သွားမှာပါ။ ကျွန်တော်မိန့်ခွန်းမပြောမီ UMFCCI က ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဦးသိန်းဟန်ကို စုံစမ်းတဲ့အခါ UMFCCI အဖွဲ့ဝင် လုပ်ငန်းကုမ္ပဏီစုစုပေါင်း ၃၀၀၀၀ ကျော်ရှိကြောင်း သိရပါတယ်။ အားလုံးသာ ယူအင်န်ဂျီစီကိုဝင်ခဲ့ရင် မြန်မာနိုင်ငံဟာ ကမ္ဘာမှာထင်ရှားတဲ့နိုင်ငံဖြစ်လာမှာဖြစ်တယ်။

ကျွန်တော်ဒီဆောင်းပါးရေးရင်း ယူအင်န်ဂျီစီကိုမဝင်သေးတဲ့ကုမ္ပဏီတွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေကို ပန်ကြားတောင်းပန်ချင်ပါတယ်။ လုပ်ငန်းအရွယ်အစားနဲ့ မဆိုင်ပါဘူး။ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ဝင်ရောက်နိုင်ပါတယ်။ ဝင်တဲ့ကုမ္ပဏီလုပ်ငန်းတွေအနေနဲ့ စောစောကတင်ပြခဲ့တဲ့ လူ့အခွင့်အရေး၊ ဝန်ထမ်းရေးရာ၊ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းမှုနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ပါဝင်ပတ်သက်ဖို့ ကတိပြုရမှာဖြစ်တယ်။ လျှောက်လွှာတင်တဲ့နေရာမှာလည်း အင်တာနက်ကတစ်ဆင့် တိုက်ရိုက်လျှောက်လို့ရပါတယ်။ (www.unglobalcompact.org)ကို နှိပ်ပြီး လျှောက်လွှာတင်နိုင်ပါတယ်။ အခက်အခဲရှိခဲ့ရင် UMFCCI မှာ မြန်မာယူအင်န်ဂျီစီရုံးကို ဆက်သွယ်နိုင်ပြီး ကျွန်တော်တို့အနေနဲ့ လိုအပ်တဲ့အကူအညီတွေ ပေးပါမယ်။

ယူအင်န်ဂျီစီအဖွဲ့ဝင်တွေဟာ တစ်နှစ်တစ်ကြိမ် မိမိဆောင်ရွက်ချက်တွေကို အစီရင်ခံစာရေးသားပြီး နယူးယောက်မြို့မှာရှိတဲ့ ယူအင်န်ဂျီစီရုံးချုပ်ကို ပို့ရမှာဖြစ်တယ်။ မိမိရဲ့ဆောင်ရွက်ချက်တွေဟာ ထူးခြားမှုရှိရင် ရုံးချုပ်ကထုတ်ဝေတဲ့အစီရင်ခံစာမှာ ထည့်သွင်းပေးမှာဖြစ်ပါတယ်။ အခုလို အဖွဲ့ဝင်ဖြစ်သွားတဲ့ ကုမ္ပဏီလုပ်ငန်းအဖွဲ့အစည်းတွေဟာ ယူအင်န်ဂျီစီ အမှတ်အသားတံဆိပ်ကို အသုံးပြုလို့ရပါတယ်။ မိမိဝန်ထမ်းတွေရဲ့ မိတ်ဆက်ကတ်ပြားတွေမှာ ကုလသမဂ္ဂတံဆိပ်အမှတ်အသားကို အသုံးပြုခွင့်ရှိပါတယ်။

ကျွန်တော့်ရဲ့အိပ်မက်က ၂၀၁၆ ခုနှစ် တတိယအကြိမ် ယူအင်န်ဂျီစီညီလာခံမှာ မြန်မာနိုင်ငံက အဖွဲ့ဝင်ဦးရေ ၃၀၀၀၀ ပြည့်စေချင်တယ်။ အခုလို ဖြစ်နိုင်ခဲ့ရင် တစ်ကမ္ဘာလုံးမှာရှိတဲ့ အဖွဲ့ဝင်ဦးရေထက် ကျော်သွားမှာပါ။ ကျွန်တော်တို့နဲ့အတူ ပါဝင်ကူညီပြီး မြန်မာပြည်ကို ကမ္ဘာပေါ်မှာထင်ရှားအောင် ဆောင်ရွက်ကြပါစို့။

# ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာအချို့တွင် နွားစာရှားပါးလျက်ရှိ

**မုံရွာ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် မြစ်ရေများဝင်ရောက်ခဲ့ပြီး သိုလှောင်ထားသည့် နွားစာတိုက်များ ရေနစ်မြုပ်ပျက်စီးခဲ့၍ လက်ရှိအချိန်တွင် ရေဘေးသင့်ခဲ့သည့် ကျေးရွာများ၌ နွားစာများရှားပါးမှုများ ဖြစ်ပေါ်နေကြောင်းသိရသည်။

မုံရွာမြို့နယ် ဘုမ္မနိုးကျေးရွာမှ တောင်သူဦးသက်မိုးထွန်းက "ဩဂုတ်လအတွင်းက ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့လို့ နွားစာခြောက်တွေဖြစ်တဲ့ မြေပဲရိုးခြောက်၊ ပြောင်းဖူးပင်ခြောက်တို့ သိုလှောင်ထားတဲ့ နွားစာတိုက်တွေ မြစ်ရေနစ်မြုပ်ပျက်စီးခဲ့ပြီး အခုရာသီမှာ နွားစာရှားပါးနေပါတယ်။ အရင်နှစ်တွေက ပျက်စီးမှုမရှိတော့ နွားစာလုံလောက်တယ်။ ဒီနှစ်တော့ နွားစာရှားတော့ ကိုင်းပင်အစိမ်းတွေ၊ မြက်တွေကိုရှာပြီး ရိတ်ကျွေးနေရတယ်။ ရွာက နွားစာတိုက်ကို ခပ်မြင့်မြင့်ဆောက်ထားသူတွေတော့ အနည်းငယ်ပဲ ပျက်စီးကြတယ်"ဟု နွားစာရှားပါးနေမှု အခြေအနေနှင့် ပတ်သက်၍ ပြောသည်။

နွားစာရှားပါးနေသဖြင့် အချို့တောင်သူများမှာ နွားစာရိတ်ရန် နေ့စားဖြင့်လူငှား၍ ရိတ်နေရကြောင်း သိရသည်။

"တချို့တွေဆို နွားစာရှားတော့ အငှားရိတ်၊ နေ့စားရိတ် ခိုင်းတဲ့သူရှိတယ်။ နွားစာကို အထုံးအပြတ်နဲ့ရိတ်ရင် လူတစ်ရွက်စာဆိုရင် ငါးရာကျပ်လောက်ပေးရတယ်။ တစ်မနက်ခင်း အငှားရိတ်မယ်ဆိုရင် လူတစ်ဦးကို နှစ်ထောင်ကျပ်လောက်အထိ ပေးရတယ်"ဟု ဦးသက်မိုးထွန်းက ဆက်ပြောသည်။

လက်ရှိအချိန်တွင် နွားစာအခက်အခဲဖြစ်နေသော်လည်း ယခုနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လျက်ရှိကြောင်း၊ စိုက်ပျိုးထားသော သီးနှံများ အောင်မြင်ဖြစ်ထွန်းနေသဖြင့် ဆောင်းသီးနှံများ ရိတ်သိမ်းပြီးချိန် တပေါင်းလခန့်တွင် နွားစာအခက်အခဲလည်း ပြေလည်သွားနိုင်ကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်အရ သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## သတင်းတိုများ

### ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကရင်စုကျေးရွာ၌ သုခအလင်းရောင်စာကြည့်တိုက်ကို ဒီဇင်ဘာ ၁၈ ရက်က ဖွင့်လှစ်ခဲ့ရာ ခရမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမျိုးခိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး အရာရှိ ဒေါ်ရီရီလွင်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ဇာခြည်စိမ့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဦးစိုးခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျေးရွာနေပြည်သူများက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

**ကိုမင်း(ခရမ်း)**

### ကျေးရွာမူကြိုကျောင်းဆောင်သစ်ဖွင့်လှစ်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ၌ ကုန်ကျငွေ ကျပ်သိန်း ၄၃၀ ဖြင့် တည်ဆောက်ခဲ့သော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည်။ ကျောင်းဆောင်သစ်ကို ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းနှင့် အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ ကျောင်းသုံးပစ္စည်းနှင့် သင်ထောက်ကူပစ္စည်းများ၊ မူကြိုဆရာမဝတ်စုံများ၊ ကလေးငယ်များအတွက် ကစားစရာနှင့် မုန့်များကို နာယကက ထောက်ပံ့ပေးအပ်ခဲ့သည်။

**တင်စိုး(မြန်မာ့အလင်း)**

# ကျေးလက်နေပြည်သူများအား အခမဲ့ ကွင်းဆင်းဆေးကုသပေး

**မိတ္ထီလာ ဒီဇင်ဘာ ၂၀**

မိတ္ထီလာမြို့နယ် လျှော်ဖြူကျေးရွာမှ ဒေသခံပြည်သူများအား မကြီးစုကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဦးဝင်းအောင် ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများအဖွဲ့က ကျေးရွာပရဟိတလူငယ်များအဖွဲ့၏ ကူညီမှုဖြင့် ဒီဇင်ဘာ ၁၉ ရက်က အခမဲ့ကွင်းဆင်းဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

"မကြီးစုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအောက်မှာရှိတဲ့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဆင်းရဲနွမ်းပါးတဲ့ ကျေးရွာတွေကို ဦးစားပေးပြီး တစ်လကို ကျေးရွာတစ်ရွာ အခမဲ့ဆေးဝါးကုသခြင်းကို ဆောင်ရွက်ပေးတာပါ။ မကြီးစုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအနေနဲ့ ကျေးရွာပေါင်း ၄၂ ရွာကို တာဝန်ယူပြီး အခမဲ့ဆေးဝါးကုသခြင်းကို ဆောင်ရွက်နေတာဖြစ်ပြီး သက်ကြီးရွယ်အိုနဲ့ ငါးနှစ်အောက်ကလေးငယ်တွေ၊ ကိုယ်ဝန်ဆောင်မိခင်နဲ့ မီးဖွားပြီးမိခင်တွေ၊ သွေးတိုး၊ ဆီးချိုနဲ့ အထွေထွေရောဂါတွေအတွက် ထိုးဆေးသောက်ဆေးအားလုံး အခမဲ့ ကွင်းဆင်းကုသပေးတာပါ"ဟု မကြီးစု ကျေးလက် ကျန်းမာရေးဌာနမှူး ဦးဝင်းအောင်က ပြောသည်။



အဖွဲ့ခေါင်းဆောင်များ အဖြစ် ကျေးလက်ကျန်းမာရေးဌာနမှူးနှင့် ကျန်းမာရေးဆရာမကြီး ဒေါ်နှင်းနှင်းခိုင်တို့ပါဝင်ပြီး ကျန်းမာရေးဝန်ထမ်း ၁၂ ဦး စုပေါင်းကာ ကျေးရွာများသို့ လစဉ်လှည့်လည်၍ ကွင်းဆင်းဆေးကုသပေးလျက်ရှိရာ ယခုလတွင် လျှော်ဖြူကန်ကျေးရွာ အလှည့်ကျရောက်သဖြင့် လာရောက်ကုသပေးခြင်းဖြစ်ကြောင်း၊ ကျေးရွာပရဟိတလူငယ်များအဖွဲ့က ဆေးဝါးကုသပေးနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးခဲ့သောကြောင့် အဆင်ပြေကြောင်း ကျေးလက်ကျန်းမာရေးဌာနမှူးက ဆက်လက်ပြောကြားသည်။

ယခုကဲ့သို့ ကျေးရွာများသို့ အရောက် အခမဲ့ကွင်းဆင်းဆေးကုသပေးခြင်းကြောင့် ဆင်းရဲနွမ်းပါးသည့် ကျေးလက်နေပြည်သူများ အတွက် များစွာအကျိုးရှိကာ ကျေးရွာများမှ ဒေသခံပြည်သူများကလည်း ကျေးရွာအရောက် အခမဲ့ကွင်းဆင်းဆေးဝါးဆေးကုသပေးခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# လိုင်းကားပေါ်တွင် ကျပျောက်ခဲ့သော နိုင်ငံခြားသူ၏ဖုန်း ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့က ပြန်လည်ရှာဖွေပေး

**ညောင်ရွှေ ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့သို့ လာရောက်လည်ပတ်သော ပြင်သစ်နိုင်ငံသူတစ်ဦး၏ဖုန်း လိုင်းကားပေါ်တွင် ကျပျောက်သည်ကို ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့က ပြန်လည်ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

ညောင်ရွှေမြို့ နန့်ပန်ရပ်ကွက်ရှိ Four Sisters Inn တွင် တည်းခိုနေသည့် ပြင်သစ်နိုင်ငံသူ Ms.Plume Des Pallieres နှင့် Ms.Morgane De Silhoutte တို့သည် ၄င်းတို့၏ NOKIA အမျိုးအစားဖုန်းပျောက်သွား၍ ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီခန့်တွင် ညောင်ရွှေမြို့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု(၄) သို့ လာရောက်အကူအညီတောင်းရာ တပ်ဖွဲ့စုမှူးရဲအုပ်သိန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက ညောင်ရွှေ-တောင်ကြီးကားဂိတ်ဥက္ကဋ္ဌ ဦးထွန်းရွှေနှင့် ယာဉ်လိုင်းမှ ယာဉ်မောင်းများနှင့်အတူ တောင်ကြီး-ညောင်ရွှေ ခရီးသည်ပို့ဆောင်ရေးဂိတ်(တောင်ကြီးမြို့ပေါ်)နှင့် ညောင်ရွှေ-တောင်ကြီးကားဂိတ် ကားဝင်းအတွင်းနေရာများ၊ လိုင်းကားများတွင် ရှာဖွေပေးခဲ့ကြရာ ၎င်းနိုင်ငံခြားသူ တောင်ကြီးမှစီးလာသော ဟိုင်းလတ်လိုင်းကားပေါ်တွင် ကျကျန်တွေ့ရှိကြသဖြင့် ချက်ချင်းပြန်လည်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ဖုန်းသည် တန်ဖိုးမများသော်လည်း ဖုန်းအတွင်းမှ Data များမှာ အရေးကြီးတန်ဖိုးရှိသဖြင့် ပြန်တွေ့အောင် ကူညီရှာဖွေပေးသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲအရာရှိများအား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖုန်းပိုင်ရှင် Ms.Plume Des Pallieres က ပြောသည်။

**ဇော်သိန်းရည်**

# ရှမ်းနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် မိတ်ဆုံစားပွဲကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၂၀**

တာချီလိတ်မြို့နယ် ရှမ်းတိုင်းရင်းသားများ စာပေနှင့်ယဉ်ကျေးမှုအသင်းက ကြီးမှူး၍ ၂၁၁၀ ပြည့်နှစ်မြောက် ရှမ်းတိုင်းရင်းသားများ ရိုးရာ နှစ်သစ်ကူးပွဲတော်ကို တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု ဆေးခမ်းရပ်ကွက်ရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကွင်းဝင်း၌ ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ဒီဇင်ဘာ ၁၈ ရက်ညပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားကို ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နာယက ဦးစိုင်းရီဆာ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက မင်္ဂလာရှမ်းတေးသီချင်းများသီဆို၍ မီးရှူးမီးပန်းများပစ်ဖောက်ခြင်း၊ ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ရှမ်းနှစ်သစ်မင်္ဂလာအခါသမယကို ကြိုဆိုကြသည်။

ရှမ်းနှစ်သစ်ကူးပွဲတော်ကို နတ်တော်လဆန်း ၁၀ ရက်(ဒီဇင်ဘာ ၂၁ ရက်) ည ၁၂ နာရီတွင် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းနှင့် ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးများဖြင့် စည်ကားသိုက်မြိုက်စွာ ကြိုဆိုမည်ဖြစ်ကြောင်း သိရသည်။

ရှမ်းနှစ်သစ်ကူးပွဲတော်ဖြစ်ပေါ်လာရခြင်းမှာ သာသနာသက္ကရာဇ် ၄၅၀ ပြည့်နှစ် နတ်တော်လဆန်းတစ်ရက်နေ့တွင် ရှမ်းတိုင်းရင်းသားများနေထိုင်ရာဒေသသို့ ဗုဒ္ဓသာသနာရောက်ရှိချိန်မှ ရှမ်းသက္ကရာဇ် စတင်ခဲ့သည်ဟု ဆိုသည်။ ဤသို့ဖြင့် နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ကို ရှမ်းနှစ်ဆန်း ၁ ရက်နေ့အဖြစ်သတ်မှတ်၍ ရှမ်းနှစ်သစ်ကူးပွဲတော်ကို နတ်တော်လအတွင်းနှစ်စဉ် ကျင်းပခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**




# ကျောက်ပန်းတောင်း၌ မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ဘဏ်ချေးငွေများ ပြန်လည်ကောက်ခံရေးဆွေးနွေး

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာများသို့ ၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်အဖြစ် ထုတ်ချေးထားသော ဘဏ်ချေးငွေများ ပြန်လည်ကောက်ခံရေး ညှိနှိုင်းအစည်းအဝေးကို မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၈ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် ကျေးရွာဘဏ်ချေးငွေကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က ကျောက်ပန်းတောင်းမြို့နယ်အနေဖြင့် နယ်မြေကျယ်ဝန်း၍ ကျေးရွာခွဲများပြားသော်လည်း ချေးငွေကောက်ခံသည့်ကာလများတွင် တိုင်းဒေသကြီးအတွင်း၌ နှစ်စဉ်နှစ်တိုင်း အစောဆုံးပြေကြေအောင်ပေးဆပ်သည့် အစဉ်အလာကောင်းများရှိခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ပေးဆပ်ရမည့် ချေးငွေနှင့် အတိုးများကို မြန်မြန်ဆန်ဆန် ပေးဆပ်ကြစေလိုကြောင်း အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများမှ တာဝန်ရှိသူများက ချေးငွေဆိုင်ရာများ ဆွေးနွေးကာ မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာဦးမောင်မောင်ရင်က ချေးငွေပေးဆပ်ရမည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျေးရွာအုပ်စုအလိုက် ပေးဆပ်ရမည့်ရက်နှင့် အတိုးသတ်ကာလများကို အသိပေးကြေညာပြီး ကျေးရွာများမှ ဘဏ်ချေးငွေကော်မတီများက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။

**နေအောင်(ပြန်/ဆက်)**

# KBZ BANK / KBZ GROUP မှ ၂၀၁၅–ခုနှစ်အတွင်း လက်ခံရရှိခဲ့သော နိုင်ငံတကာဆုများအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

အင်္ဂလန်နိုင်ငံ World Finance အဖွဲ့အစည်းမှ ပေးအပ်ချီးမြှင့်သော
**(1) Best Commercial Bank in Myanmar 2015**
**(2) Best Retail Bank in Myanmar 2015**
**(3) Banker of the Year in Asia 2015 (Mr. Aung Ko Win - Chairman, KBZ Bank, Myanmar, Asia)**

စဝိဇ်နိုင်ငံ Business Initiative Directions မှ Switzerland နိုင်ငံ Geneva တွင် ပေးအပ်ချီးမြှင့်သော
**(4) International Star Award Geneva 2015, KBZ BANK - Myanmar**

အင်္ဂလန်နိုင်ငံ The Banker မှ ပေးအပ်ချီးမြှင့်သော
**(5) Best Bank of the Year in Myanmar 2015**

**ASEAN** Business Awards (Winner for the whole **ASEAN**)
**(6) Woman Entrepreneur of the Year 2015 for Vice Chairman Daw Nan Than Htwe**

The Asian Banker
**(7) Best Core Banking Implementation Project for Emerging Bank**

The Global Compact Asian Banker
**(8) A member of the United Nations Global Compact**

စင်္ကာပူနိုင်ငံ Asian Banking and Finance အဖွဲ့အစည်းမှ ပေးအပ်ချီးမြှင့်သော
**(9) Best Domestic Retail Bank of the Year in Myanmar 2015**
**(10) Best Credit Card Initiative of the Year in Myanmar 2015**

အင်္ဂလန်နိုင်ငံ Euromoney အဖွဲ့အစည်းမှ ပေးအပ်ချီးမြှင့်သော
**(11) Best Bank in Myanmar 2015**
**(12) Euromoney Achievement Award for CSR 2015**

ဆုများအတွက် **KBZ BANK / KBZ GROUP** နှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် / အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)


အခုပဲငွေဖြည့်ပြီး
အပိုလက်ဆောင်ရယူပါ
ကြိုက်တဲ့ငွေ ပမာဏကိုဖြည့်ပြီး အင်တာနက်သုံးစွဲရန်၊
ပြည်တွင်းဖုန်းအားလုံးကို ဖုန်းခေါ်ဆိုရန် နှင့် SMS ပို့ရန် အပိုလက်ဆောင်ကိုရယူပါ။
အပိုလက်ဆောင်ကို ၁၅ ရက်အတွင်း အသုံးပြုနိုင်ပါသည်။
ooredoo
ငွေဖြည့်ပမာဏ
အပိုလက်ဆောင်
၁,၀၀၀ ကျပ်
၂၀၀ ကျပ်
၃,၀၀၀ ကျပ်
၁,၀၀၀ ကျပ်
၅,၀၀၀ ကျပ်
၂,၀၀၀ ကျပ်
၁၀,၀၀၀ ကျပ်
၅,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ်
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

၂၀၁၅–၁၆နှစ်အတွက် အထူးဈေးနှုန်း၊ အထူးဝန်ဆောင်မှုအစီအစဉ်သစ်
အသက်သာဆုံးဈေးနှုန်းနှင့် အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသည်။

(၇)ညအိပ် (၈)ရက်ခရီး -သံဝေဇနီယလေးဌာန (ဖွား၊ပွင့်၊ဟော၊စံ) Hotel 2 days → (၉.၅)သိန်း
(၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတသုံးဌာန( အိန္ဒိယ + နီပေါ) Hotel 4 days → (၁၀)သိန်း
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ၊တပ်ချ်မဟာ Hotel 6 days → (၁၁.၅)သိန်း
သီရိလင်္ကာ စွယ်တော် + မူလဗောဓိပင် + ဘန်ကောက် မြဘုရား (၇)ညအိပ် (၈)ရက်ခရီး → (၁၈)သိန်း စရိတ်ငြိမ်း

စရံငွေ(၂)သိန်းပေးသွင်းပြီးပါက သတ်မှတ်ဈေးနှုန်းပြောင်းလဲ၍ ကောက်ခံခြင်းမရှိပါ။

ဗုဒ္ဓဂယာတွင် ခါတ်လေ့ကားပါဟိုတယ်၌ တည်းခိုပြီး၊ နယူးဒေလီ နှင့်အာဂရာတွင် 3 Star အဆင့်ရှိဟိုတယ်တွင် တည်းခိုပါမည်။ ညမောင်းခရီးစဉ်လုံးဝမရှိပါ။ သတ်မှတ်ထားသောဈေးနှုန်းထက်ပို၍ ထပ်မံကောက်ခံခြင်းမရှိပါ။ ဗုဒ္ဓဂယာခရီးစဉ်တွင် (၁၂)ဦးစုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။ နိုင်ငံကူးလက်မှတ် သက်တမ်း (၆)လအထက် လက်ဝယ်ရှိသူများ အထက်ပါဈေးနှုန်းအတိုင်း ပို့ဆောင်ပေးနေပါပြီ။ AI နှင့် MAI Air Bus 320 (ရန်ကုန်–ဂယာ–ရန်ကုန်) ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။

ထွက်ခွာမည့်ရက်များ ၁၂ ရက်ခရီးစဉ် (Dec-28), (Jan-11,25), (Feb-8,22), (Mar-7,21),(April-12)
၁၅ ရက်ခရီးစဉ် (Dec-23),(Jan-5,19),(Feb-2,16),(Mar-1,15),(April-5,12),

သီရိလင်္ကာခရီးစဉ်များ– (Dec-29),(Jan-29),(Feb-29),(Mar-29),(April-29)

အမှတ်–၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁–၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉–၅၁၂၀၅၂၉



## HIGHWAY STAR
Travels & Tours Co.,Ltd

(အထူး Discount)အထင်ကြီးခရီးစဉ်များ
- တောင်ကြီး၊အင်းလေး၊မိန်းမရဲတောင်၊ (Scania)
- ပုဂံ၊ညောင်ဦး၊ပုပ္ပါး (VIP 2+1 ကားကြီးဖြင့်)
- ဖေါ်လမြိုင်၊ဘားအံ၊
- မြဝတီ၊မဲဆောက်၊ဘားအံ၊
Dec 24, Jan 1,15,29
Dec 24,26 2,9,13,29,30
- ကျိုက်ထီးရိုး
- ကျွဲတော်ရေတံခွန်၊ဘားအံ၊
- ကျိုက္ကမီ၊စက်စဲ၊ဝင်းစိန်တောရ၊
- ပြည်၊အကောက်တောင်၊
09 253 235 411-422, 09 253 241 300, 09 36 220 162, 09 795 565 199



## RUBY
ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)စီးယာဉ်များနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)



## UNIQUE STAR TRAVELS & TOURS

ဘန်ကောက်၊ပတ္တရား (6)D[ Dream/Safari World, Emerald Buddha, Baiyoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]

Jan: 2, 9, 16, 23, 30 / Feb: 6, 13, 20, 27 ($300)
ဘန်ကောက်၊ပတ္တရား (3)D, (4)D, (5)D Jan: 2, 9 ($200)
ဘန်ကောက်၊ဖူးခက် (6)D Dec: 24, 25, 29, 30 ($500)
ဖူးခက်/ ချင်းမိုင် (4)D Dec: 24, 25, 29, 30 ($300)
ကူမင်း၊ရှန်ဂရီလာ (8)D Dec: 26 / Jan: 9, 23 ($500)

Bangkok-Pattaya-Ayuttaya
(6 Days/ 5 Nights) Airticket Included
Dec : 24, 25, 29, 30 ($ 550 / $ 650)
Feb:12, Mar: 2, 23, 30 ($ 470 / $ 550)
Apr: 10, 11, 12, 13, 14, 18 ($ 550/ $ 650)
Bangkok - Cambodia ($ 500)

70/A,Kabaaye Pagoda Rd, 860 4964-65-66, 708 353, 705 723, 09 7310 9133-44-55-66.
No(126), 42th St, 83rd x 84th St, Mandalay.Ph: 099 - 7200 3797, 09 - 514 8079.





# ကြိုတင်ငွေပေးသွင်းခြင်းကို (၃၁.၁၂.၂၀၁၅)ရက်နေ့သို့ ထပ်မံတိုးမြှင့်ကြောင်း ကြေငြာခြင်း

## မန္တလေးတိုင်းဒေသကြီး ၊ အမရပူရမြို့နယ် ၊ ဆင်ရှာမြင်းမှုးဒေသ
## နိုင်ငံတကာအဆင့်မြင့် ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက်ရတနာဈေးကြီး
## Shop House (၃)ထပ်ခွဲ လူနေဆိုင်ခန်းများနှင့် ခေတ်မီ (၂)ထပ်ဈေးဆိုင်ခန်းများရောင်းချခြင်း

၁။ ဆိုင်ခန်းဝယ်ယူရန် အဆိုပြုထားသူများ (Slip ပြားရရှိသူများ) ၏ တောင်းဆိုချက်အရ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြိုတင်ငွေပေးသွင်းသည့်ရက်ကို (၃၁.၁၂.၂၀၁၅) ရက်နေ့ထိ ထပ်မံတိုးမြှင့်ပေးလိုက်ပါသည်။

၂။ Shop House လူနေဆိုင်ခန်း အကျယ်အဝန်း (20'x 30') (၃)ထပ်ခွဲအတွက် ကြိုတင်ငွေ (Deposit) ကျပ်သိန်း (၅၀၀) နှင့် (30'x 35') (၃)ထပ်ခွဲအတွက် ကြိုတင်ငွေ (Deposit) ကျပ်သိန်း (၈၀၀) ကို (၃၁.၁၂.၂၀၁၅) ရက်နေ့ နောက်ဆုံးထား၍ သတ်မှတ်ထားသည့် ဘဏ်များသို့ ပေးသွင်းရပါမည်။

၃။ ခေတ်မီ(၂)ထပ် ဈေးဆိုင်ခန်း အကျယ်အဝန်း (12'x12') အတွက် ကြိုတင်ငွေ (Deposit) ကျပ်သိန်း (၁၅၀) ကိုလည်းကောင်း၊ (10'x 12') ၊ (8' x 12')ဆိုင်ခန်းများအတွက် ကြိုတင်ငွေ (Deposit) ကျပ်သိန်း (၁၀၀) ကိုလည်းကောင်း (၃၁.၁၂.၂၀၁၅)ရက်နေ့ နောက်ဆုံးထား၍ ကြိုတင်ငွေများကို ပေးသွင်းရပါမည်။

**(၃၁.၁၂.၂၀၁၅)ရက်နေ့ထိ ကြိုတင်ငွေပေးသွင်းမှုမရှိပါက ဝယ်ယူရန်အဆိုပြုထားသော စလစ်ပြားပိုင်ရှင်များအားလုံး ဆိုင်ခန်းဝယ်ယူခွင့် ပျက်ပြယ်ပြီးဖြစ်ပါသည်။**

## Shop House (၃)ထပ်ခွဲလူနေဆိုင်ခန်းနှင့် (၂)ထပ်ဈေးဆိုင်ခန်းများအတွက်မဲနှိုက်ဆောင်ရွက်ပေးမည့်အစီအစဉ်

၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ (၁)ရက်နေ့ တွင် Shop House လူနေဆိုင်ခန်းများအတွက် ကြိုတင်ငွေပေးသွင်းပြီး **"မဲနှိုက်ခွင့်ကတ်ပြား"** ကိုင်ဆောင်ထားသူများအား နံနက် (၉)နာရီမှ စတင်၍ မဲနှိုက်နေရာချထားပေးပါမည်။

၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ (၃)ရက်နေ့ တွင် ဈေးဆိုင်ခန်းများအတွက် ကြိုတင်ငွေပေးသွင်းပြီး **"မဲနှိုက်ခွင့်ကတ်ပြား"** ကိုင်ဆောင်ထားသူများအား နံနက် (၉)နာရီမှ စတင်၍ မဲနှိုက်နေရာချထားပေးပါမည်။

**"လူနေဆိုင်ခန်းများနှင့်ဈေးဆိုင်ခန်းများရောင်းချပွဲကို သတ်မှတ်ရက်အတွင်း ပိတ်ရက်မရှိ ရောင်းချပေးပါမည်။"**

**သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး။**

**စုံစမ်းရန်ဌာန** - သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - 02 24963
- တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ Marketing Department ၊ ကျောက်စိမ်းဘုရားအနီး၊ စစ်ကိုင်း-မြစ်ငယ်ကားလမ်းဘေး။
ဖုန်း - 09 792727372 , 09 792727375 , 09 792727376 , 09 792727378 , 09 792727379
http://www.facebook.com/JadeandGemModernMarketComplex သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)
## (ကျန်းမာရေးမှူး-၄)ရာထူးဝင်ခွင့်ရေးဖြေနှင့်
## နှုတ်ဖြေစာမေးပွဲကျင်းပမည့်ရက်ပြောင်းလဲသတ်မှတ်ခြင်း

ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)၊(ကျန်းမာရေးမှူး-၄)ရာထူးဝင်ခွင့်စာမေးပွဲကျင်းပမည့်ရက်များကို အောက်ပါအတိုင်းပြောင်းလဲသတ်မှတ်လိုက်သည်။

(က) **ရေးဖြေစာမေးပွဲကျင်းပမည့်ရက်** - ၉-၁-၂၀၁၆ ရက်(စနေနေ့)
(ခ) **နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများ စာရင်းထုတ်ပြန်မည့်ရက်** - ၁၅-၁-၂၀၁၆ ရက် (သောကြာနေ့)
(ဂ) **နှုတ်ဖြေစာမေးပွဲစတင်ကျင်းပမည့်ရက်** - ၁၈-၁-၂၀၁၆ ရက် (တနင်္လာနေ့)

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး
# (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

(၁) ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်- မန္တလေး၏ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အစမ်းလေ့ကျင့်ခြင်း ၂၆-၂-၂၀၁၆ ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီ**
**ဘွဲ့နှင်းသဘင် ၂၇-၂-၂၀၁၆ရက် (စနေနေ့) နံနက် ၉:၀၀ နာရီ**

(၂) (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားသို့ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်-မန္တလေး၏ အောက်ပါစာမေးပွဲများကို အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။

(က) ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ၊
(ခ) ၂၀၁၅ခုနှစ် အောက်တိုဘာလနှင့် ဒီဇင်ဘာလများတွင်ကျင်းပစစ်ဆေးခဲ့သည့် စတုတ္ထနှစ်သင်တန်း ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ၊

(၃) ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**တက်ရောက်ဘွဲ့** -၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
**အဝေးရောက်ဘွဲ့** -၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

(၄) ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး ကျောင်းသားရေးရာ၊ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနမှရယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ပတ်စ်ပို့အရွယ်(၁$\frac{၁}{၂}$×၂)လက်မဓာတ်ပုံလေးပုံ [အမျိုးသားများသည် လည်ကတုံးရှပ်နှင့် တိုက်ပုံ(သို့မဟုတ်)အနောက်တိုင်းဝတ်စုံပြည့်၊ အမျိုးသမီးများသည် ရင်ဖုံးလက်ရှည်အင်္ကျီ(ပြောင်)ဖြင့် ဓာတ်ပုံဖြစ်ရမည်] ပူးတွဲလျက် ၁၂-၁-၂၀၁၆ ရက်မှ ၂၅-၁-၂၀၁၆ရက်အထိ တင်သွင်းကြရမည်။

(၅) ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် တက်ရောက်ရာတွင် အမျိုးသားများသည် မြန်မာဝတ်စုံ(လည်ကတုံးရှပ်နှင့် တိုက်ပုံ/ရိုးရာဝတ်စုံ/တိုင်းရင်းသားဝတ်စုံ)၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ(လုံချည်/အင်္ကျီ)တိုင်းရင်းသားဝတ်စုံ ဝတ်ဆင်ရမည်။

သတ်မှတ်ချက်အတိုင်းဝတ်ဆင်ခြင်းမရှိသူများ အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

**မြမြမူ**
**မော်ကွန်းထိန်း**
**ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်-မန္တလေး**

---

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## လူထုဗဟိုပြုစီမံကိန်း
## လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးများအတွက်
# အလုပ်လျှောက်လွှာခေါ်ယူခြင်း

ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း၊ တတိယ စက်ဝန်းအတွင်း ဆက်လက်အကောင်အထည်ဖော်မည့် မြို့နယ် (၁၈)မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်ရန် လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများအလိုရှိသည်။

**စီမံကိန်းမြို့နယ်များ**

သာပေါင်း၊ ကြံခင်း (ဧရာဝတီတိုင်းဒေသကြီး)၊ မိုးညို၊ ကျောက်ကြီး (ပဲခူးတိုင်းဒေသကြီး)၊ ကော့မှူး (ရန်ကုန်တိုင်းဒေသကြီး)၊ ဖရူဆို၊ ဒီမော့ဆို (ကယားပြည်နယ်)၊ မင်းတုန်း (မကွေးတိုင်းဒေသကြီး)၊ ပလက်ဝ (ချင်းပြည်နယ်)၊ ချောင်းဆုံ၊ ဘီးလင်း (မွန်ပြည်နယ်)၊ တနင်္သာရီ (တနင်္သာရီတိုင်းဒေသကြီး)၊ လယ်ဝေး (နေပြည်တော်ကောင်စီ)၊ ငါန်းဇွန်၊ ညောင်ဦး (မန္တလေးတိုင်းဒေသကြီး)၊ မြောင်၊ ဗန်းမောက် (စစ်ကိုင်းတိုင်းဒေသကြီး)၊ ကြာအင်းဆိပ်ကြီး (ကရင်ပြည်နယ်)။

**လိုအပ်သောအရည်အချင်း**

(က) **လူထုစည်းရုံးရေးမှူး** **(Community Facilitors)**

လူထုဖွံ့ဖြိုးရေးစီမံကိန်းများတွင် တာဝန်ထမ်းဆောင်ဖူးသူ (သို့) လူထုစည်းရုံးရေးမှူး ရာထူးနှင့် ဆက်စပ်သည့်လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။အနည်းဆုံး အခြေခံပညာ အထက်တန်း အောင်မြင်ရမည်။ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူ ဦးစားပေးမည်။

(ခ) **လက်ထောက်နည်းပညာမှူး** **(Technical Facilitors)**

AGTI ဒီပလိုမာအနိမ့်ဆုံးရရှိရမည်။အခြေခံအဆောက်အအုံ ဆောက်လုပ်/ကြီးကြပ်ခြင်း လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

ဖော်ပြပါ ရာထူးနှစ်မျိုးလုံးအတွက် စီမံကိန်းမြို့နယ်၏ အများသုံးဒေသခံဘာသာစကား ကျွမ်းကျင်သူနှင့် စီမံကိန်းမြို့နယ်ဆိုင်ရာ ဒေသန္တရဗဟုသုတရှိသူများကို ဦးစားပေးမည်။

**လစာ**

လူထုစည်းရုံးရေးမှူးတစ်ဦးလျှင် ကျပ် ၃၃၀၀၀၀ နှင့် လက်ထောက်နည်းပညာမှူးတစ်ဦးလျှင် ကျပ် ၄၅၀၀၀၀။

**လျှောက်ထားရန်**

သက်ဆိုင်ရာမြို့နယ်ရှိ လူထုဗဟိုပြုစီမံကိန်းရုံး (မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)သို့ စုံစမ်းလျှောက်ထားနိုင်သည် (CV ပုံစံမပေးပါ)။ မြို့နယ်အလိုက် လျှောက်ထားရန် လိပ်စာအသေးစိတ်နှင့် လျှောက်လွှာပိတ်ရက်များကို ဖော်ပြပါစီမံကိန်း Website တွင် ကြည့်ရှုနိုင်သည်။

**သတိပြုရန်** ။ ။ ငွေကြေးတံစိုးလက်ဆောင်ပေးအပ်၍ လျှောက်ထားခြင်းမပြုရ။

လူထုဗဟိုပြုစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နေပြည်တော်)

**Email** drdmyanmar@gmail.com
**Website** http://cdd.drdmyanmar.org/

---

## အလုပ်ကြော်ငြာ
## မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
## လူထုဗဟိုပြုစီမံကိန်း
## (National Community Driven Development Project- NCDDP)

ကမ္ဘာ့ဘဏ်၏ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း(နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်-

(၁) Project Translator /Interpreter(C.26) (၂၄)လ (၂) ဦး လစာငွေကျပ် (၁၂)သိန်းနှင့်အထက်
(၂) Project Secretary (C.27) (၂၄)လ (၂) ဦး လစာငွေကျပ် (၈) သိန်းနှင့်အထက်

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်လက်တွင် လုပ်ငန်းအတွေ့အကြုံ အသေးစိတ်နှင့် မိမိလျှောက်ထားလိုသော ရာထူးအားဖော်ပြ၍ အောက်ဖော်ပြပါ လိပ်စာသို့ (၅-၁-၂၀၁၆)ရက် နောက်ဆုံးထား၍ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့ လျှောက်ထားနိုင်ပါသည်။

စီမံကိန်းအကြောင်း၊ ရာထူးတစ်ခုစီအတွက် လိုအပ်သော အရည်အချင်းများနှင့် လုပ်ငန်းတာဝန် အသေးစိတ်ပါဝင်သော(Term of Reference- TRO) ကို အောက်ဖော်ပြပါ အီးမေးလ်သို့ ဆက်သွယ်၍လည်းကောင်း၊ စီမံကိန်း၏ Website(http:// www. cdd. drdmyanmar. org/ procurement)တွင် ဝင်ရောက်၍လည်းကောင်း ရယူနိုင်ပါသည်။

**လိပ်မူရန်-**

**ဦးကျော်စွာအောင်(ညွှန်ကြားရေးမှူး)**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊**
**ရုံးအမှတ်(၁၄)၊ နေပြည်တော်၊ ဖုန်း/ဖက်(စ်)၊ ၀၆၇-၄၀၉၀၇၁**
**Email:drdmyanmar@gmail. com**

---

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## (၅၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန်လျှောက်လွှာခေါ်ယူခြင်း
## ကြေညာချက်

(၂၀၁၄-၂၀၁၅) ပညာသင်နှစ်အတွက် ၂၀၁၅ ခုနှစ်၊ မတ်လနှင့်စက်တင်ဘာလတို့တွင် စာမေးပွဲကျင်းပခဲ့သော စတုတ္ထနှစ်၊ ဒီပလိုမာ၊ မဟာတန်း၊ ပါရဂူသင်တန်းအသီးသီးတွင် အောင်မြင်ထားကြသော ကျောင်းသား၊ ကျောင်းသူများအား ဘွဲ့အပ်နှင်းချီးမြှင့်ရန် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့ရက် ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက် (စနေနေ့)နှင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၈)ရက်၊ (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ ။ ။ ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်နယ်မြေ

(၂၇-၂-၂၀၁၆) ရက် (စနေနေ့) နံနက်ပိုင်း အစီအစဉ် (နံနက် - ၀၉:၀၀)နာရီ

| စဉ် | ဘွဲ့အမည် | |
|---|---|---|
| ၁။ | ပါရဂူဘွဲ့ | (PhD) |
| ၂။ | မဟာစီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) | (MEcon (Eco)) |
| ၃။ | ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့ | (MPA) |
| ၄။ | စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) | (BEcon (Eco)) |
| ၅။ | စီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ) | (BEcon(Stats)) |
| ၆။ | လူဦးရေပညာဘွဲ့ | (BPS) |

